ဗြဟ္မစရိယဉ္စ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၅၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ခရမ်းရေထိန်းတံခါးစီမံကိန်းစစ်ဆေး ရေထိန်းတံခါးတော်ပြီးစီးက ပြည်သူများတော်စီးစွာအကျိုးခံစားနိုင်မည်ဖြစ်၍ အချိန်မီတည်ဆောက် စီမံကိန်းပြီးစီးက စိုက်ကွင်းများရေလွှမ်းခံရမှုသက်သာစေပြီး ဧက ၃၀၀၀၀ အကျိုးပြုမည်

ရန်ကုန် စက်တင်ဘာ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ခရမ်းရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်းနှင့် ရန်ကုန်–သန်လျင် တံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ခရမ်းရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

စိုက်ကွင်းများ ရေလွှမ်းခံရမှု လျော့နည်းစေမည့် ခရမ်းရေထိန်းတံခါး

- ❒ ခရမ်း၊ သုံးခွနှင့် သန်လျင်မြို့နယ်များရှိ ကွင်းများတွင် မိုးရာသီမြစ်အတွင်း ဒီရေတက်ချိန်၌ မြစ်ရေများ ဝင်ရောက်မှုမရှိစေရန်နှင့် ရေကျချိန်ကုန်းတွင်းမှ ရေပိုရေလျှံများကို ထုတ်နုတ်ပေးခြင်းဖြင့် စိုက်ကွင်းများ ရေလွှမ်းခံရမှု လျော့နည်းသက်သာစေ၊
- ❒ မိုးနှောင်းကာလတွင် ရေချိုများ သိုလှောင်ထိန်းသိမ်းထားပြီး မိုးစပါးအောင်ရေ ဖြည့်ဆည်းပေးနိုင်၊
- ❒ နွေရာသီတွင် ပင်လယ်ဆားငန်ရေနှင့် သဲနုန်းများ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးခြင်းဖြင့် လယ်မြေများ အငန်ဓာတ်ပေါက်ခြင်းနှင့် ချောင်းများ တိမ်ကောမှုကို တားဆီးပေးနိုင်ရန် ရည်ရွယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အရှိန်အဟုန်မြှင့်တင် ဒေသခံတိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အလေးထား ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် လက်တွဲ၍ ကြိုးပမ်းတိုက်ဖျက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက –

"မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေး"

ဟူသည့် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ မဟာဗျူဟာနှစ်ရပ်ကို လမ်းညွှန်ချမှတ်ပေးထားသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက မဟာဗျူဟာနှစ်ရပ်ကို အကောင်အထည်ဖော်ရန် နည်းဗျူဟာသုံးရပ်ဖြစ်သည့် မူးယစ်ဆေးဝါးထုတ်လုပ်မှု ပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဘိန်းစိုက်ပျိုးမှု လျှော့နည်းပပျောက်စေရေးအတွက် ပန်းတိုင်သစ်စီမံကိန်းကို ၂၀၀၂ခုနှစ် ဧပြီလမှစပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တားဆီးနှိမ်နင်းရေး နည်းလမ်းများအဖြစ် စိုက်ပျိုးထုတ်လုပ်ရာဒေသများ၌ ဒေသခံတောင်သူများကို စည်းရုံးပညာပေးခြင်း၊ ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးခြင်း၊ မွေးမြူရေးနှင့် အခြားသော ကုန်ထုတ်လုပ်ငန်းများ ထူထောင်ပေးခြင်းစသည်တို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ရည်မှန်းချက်များကို ချမှတ်ပြီး မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းကို ၁၉၉၉ခုနှစ်မှစတင်၍ တိကျခိုင်မာစွာ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုကြောင့် နယ်စပ်ဒေသတိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားလာပြီး မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို စီမံကိန်းရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ခဲ့သည်။

တားဆီးနှိမ်နင်းရေးလုပ်ငန်းအဖြစ် ၁၉၉၀ပြည့်နှစ်မှစပြီး ရန်ကုန်မြို့တွင် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ရာ (၁၈)ကြိမ်တိုင်ခဲ့ပြီဖြစ်သည်။ နယ်စပ်ဒေသများနှင့် အခြားမြို့များတွင်လည်း ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများအပြင် ဘိန်းမျိုးစေ့များကို မီးရှို့ဖျက်ဆီးခဲ့သည်မှာ (၃၂)ကြိမ်ရှိခဲ့ပြီဖြစ်သည်။

နယ်စပ်ဒေသရှိ တောင်သူများက ၎င်းတို့၏ အသိစိတ်ဓာတ်ဖြင့် လာရောက်အပ်နှံကြသည့် ဘိန်းမျိုးစေ့နှင့် ဘိန်းသီးခြောက်များကို မီးရှို့ဖျက်ဆီးခဲ့ရာ ယခုအခါ စုစုပေါင်း(၁၁)ကြိမ် ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သည်။

ဘိန်းအထွက်နှုန်းခန့်မှန်းတိုင်းတာရေးလုပ်ငန်းအဖြစ် မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်းပြီး ၁၉၉၃ခုနှစ်မှစ၍ ဘိန်းအထွက်နှုန်းခန့်မှန်းတိုင်းတာခဲ့ရာ ယခုအခါ ဒသမအကြိမ်အထိ တိုင်းတာဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယင်းတိုင်းတာတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် ဘိန်းထွက်ရှိမှု သိသာထင်ရှားစွာ လျော့နည်းကျဆင်းသွားကြောင်း သိရှိရသည်။ ၂၀၀၄ခုနှစ် ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာမှုရလဒ်အရ ကမ္ဘာ့အလယ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို မျက်ဝါးထင်ထင် ပီပြင်စွာ ပုံပေါ်စေခဲ့သည်။

သို့ဖြစ်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်နှင့်အတူ ဒေသခံတိုင်းရင်းသားပြည်သူများက ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်သည်အထိ တက်တက်ကြွကြွ လက်တွဲပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပလုတ်တုတ်ကလေးဂျာနယ် မူလတန်းကြိုအဆင့်ပန်းချီပြိုင်ပွဲ ဆုပေးပွဲအခမ်းအနား ဝန်ကြီးဗိုလ်ချုပ်စိန်ထွား အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၉

လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပလုတ်တုတ်ကလေးဂျာနယ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၄ခုနှစ် ပလုတ်တုတ်ကလေးဂျာနယ် မူလတန်းကြိုအဆင့် ပန်းချီပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ အလုံမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၄)မူလတန်းကြိုကျောင်း၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုများကို ချီးမြှင့်သည်။

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပလုတ်တုတ်ကလေးဂျာနယ်နှင့် တူဒေးစာအုပ်တိုက် အယ်ဒီတာချုပ် ဒေါက်တာသာထွန်းဦးက မူလတန်းကြို ရင်သွေးငယ်များအား ပန်းချီပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားက စိတ်ကူးယဉ် အကြီးတန်းအဆင့် ပန်းချီပြိုင်ပွဲ၌ ဆုရရင်သွေးငယ်များအားလည်းကောင်း၊ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၏ ဇနီးဒေါ်ခင်အေးက စိတ်ကူးယဉ် အငယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ၌ ဆုရရှိသော ရင်သွေးငယ်များအားလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၏ ဇနီး ဒေါ်ခင်နွယ်နွယ်က ဆေးရောင်ခြယ် အကြီးတန်းအဆင့် ပန်းချီပြိုင်ပွဲ၌ ဆုရကလေးငယ်များအား လည်းကောင်း၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းက ဆေးရောင်ခြယ်အငယ်တန်းအဆင့် ပန်းချီပြိုင်ပွဲ၌ ကလေးငယ်များအားလည်းကောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက လက်ချောင်းပန်းချီ အကြီးတန်းအဆင့်၌ ဆုရကလေးငယ်များအားလည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက လက်ချောင်းပန်းချီအငယ်တန်းအဆင့်၌ ဆုရကလေးငယ်များအား လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ဇနီး ဒေါ်ကြည်ကြည်မြက အလွတ်တန်း ဖိတ်ခေါ်ပန်းချီပြိုင်ပွဲ၌ ဆုရကလေးငယ်များအားလည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ဆက်လက်၍ ပလုတ်တုတ်ကလေးဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာသာထွန်းဦးက အကဲဖြတ်ဒိုင်လူကြီးများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အင်းစိန် အလက(၁၂)၏ အနာဂတ်ပျိုးခင်း စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၉ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြတ်သူ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်မောင်လွင်နှင့်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဆွေ တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(ခရိုင် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၀-၉-၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
Aesthetics, The Nature of Aesthetics.
(ဒဿနိကအထူးပြု–တတိယနှစ်)
၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၆း၅၀ ၁၇။ မေးမြန်းစူးစမ်း
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာရွှေအိုး"**(အပိုင်း–၃၇)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း–၆)

ကွယ်လွန်သူ ဗိုလ်ကြီးလှကြွယ်အား ရည်စူး၍ အမှတ် ခ/၃၁၅ ဘုရင့်နောင် ၂လမ်း ကျောက်ရေတွင်းရပ်ကွက် မရမ်းကုန်းမြို့နယ်နေ ဇနီးဒေါ်ညိမ်းအေးနှင့်မိသားစုက ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ်တစ်သိန်းနှစ်သောင်းကို စက်တင်ဘာ ၁၁ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂)ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က–ပ)

စိမ်းလန်းစိုပြည်ရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးရေ ရရှိရေးနှင့် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး အတွက် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

*** ရွှေဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရန်ကုန်-သန်လျင်တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်းအနီးရှိ ဆိပ်ကမ်းမှ ရေယာဉ်များဖြင့် ပဲခူးမြစ်မှတစ်ဆင့် ခရမ်းချောင်းကိုဖြတ်သန်းကာ ရန်ကုန်တိုင်း သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တာဝန်ယူတည်ဆောက်နေသည့် ခရမ်းရေထိန်းတံခါးတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ နံနက် ၈နာရီခွဲတွင် ရောက်ရှိကြသည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်းနှင့် သုံးခွမြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူလယ်သမားများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ခရမ်းရေထိန်းတံခါး တည်ဆောက်နေမှုနှင့် အလျား ၂၂ ပေရှိ ရေယာဉ်အဝင်အထွက် တံခါးပေါက် တည်ဆောက်နေမှုတို့ကို လုပ်ငန်းခွင်အတွင်းသွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး အတွင်းရေးမှူး(၂)က လိုအပ်သည်များကို တာဝန်ရှိသူတို့အား ထပ်မံမှာကြားသည်။

ခရမ်းရေထိန်းတံခါးကို ရန်ကုန်တိုင်း ခရမ်း၊ သုံးခွနှင့် သန်လျင်မြို့နယ်များရှိ ရေကြီးရေလွှမ်းကွင်းများတွင် မိုးရာသီ မြစ်အတွင်း ဒီရေတက်ချိန်၌ မြစ်ရေများ ကုန်းတွင်းသို့ ဝင်ရောက်မှုမရှိစေရန်နှင့် မြစ်ရေကျချိန်တိုင်းတွင် ကုန်းတွင်းမှ ရေပိုရေလျှံများကို ထုတ်နုတ်ပေးခြင်းဖြင့် စိုက်ကွင်းများ ရေလွှမ်းခံရမှု လျော့နည်းသက်သာစေရန်၊ မိုးနှောင်းကာလတွင် ရေချိုများ သိုလှောင်ထိန်းသိမ်းထားပြီး မိုးစပါးအောင်ရေ ဖြည့်ဆည်းပေးနိုင်ရန်၊ ဆောင်းသီးနှံများအတွက် အစိုဓာတ် ထိန်းသိမ်းပေးနိုင်ရန်၊ နွေရာသီ ရေချိုပိုမိုရရှိစေရန်နှင့် နွေရာသီတွင် ပင်လယ်ဆားငန်ရေနှင့် သဲနုန်းများ ကွင်းများအတွင်းသို့ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးခြင်းဖြင့် လယ်မြေများ အငန်ဓာတ်ပေါက်ခြင်းနှင့် ချောင်းများ တိမ်ကောမှုကို တားဆီးပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။

အကျိုးပြုမည်

ခရမ်းရေထိန်းတံခါးမှာ ကွန်ကရစ် ရေထိန်းတံခါး အမျိုးအစားဖြစ်ပြီး ၆ ပေ X ၁၆ပေအရွယ် ရေတံခါးပေါက် ၄၀ ပါရှိမည်ဖြစ်သည်။ အဆိုပါတံခါးများ၊ မြစ်ရေတင်စီမံကိန်းများ၊ ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် မိုးယွန်းကြီးအင်းမှရေကို တူးမြောင်းဖြင့် သွယ်ယူပြီး ခရမ်းနှင့် သုံးခွမြို့နယ်များအတွင်း သီးနှံမျိုးစုံစိုက်ဧက ၅၅၀၀၀ စိုက်ပျိုးနိုင်ရေးနှင့် ငမိုးရိပ်လက်ဝဲမြောင်းမှရေကို ရန်ကုန်-သန်လျင်တံတား အမှတ်(၂)အထိ သွယ်ယူပြီး တံတားပေါ်မှ ပိုက်များဖြင့်သွယ်ယူကာ သန်လျင်၊ ကျောက်တန်းမြို့နယ်များသို့ စိုက်ပျိုးရေ ပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင်၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် ပထမအဆင့်အနေဖြင့် လေယာဉ်အတက်/အဆင်း လမ်းကြောင်းအောက်တွင် ဇုန်ငါးဇုန်ခွဲ၍ စနစ်တကျ စီမံဆောင်ရွက်ပြီးစီးမှု၊ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရုပ်ပုံကားချပ်နှင့်တကွ ရှင်းလင်းတင်ပြသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ရန်ကုန်-သန်လျင်တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်း သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းသုံး ယာဉ်ယန္တရားနှင့် ပစ္စည်းများ လေလွင့်ဆုံးရှုံးမရှိအောင် စနစ်တကျ စိစစ်သုံးစွဲရေး၊ အင်ဂျင်နီယာ အသေးစိတ်တွက်ချက်မှုစာရင်းများနှင့် စီမံကိန်းဆိုင်ရာ ကိန်းဂဏန်းများ၊ စာရင်းဇယားများကို မှန်မှန်ကန်ကန်ပြုစုထားရေးတို့ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင်၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ပီပီပြင်ပြင်ဖြစ်ရေးအတွက် သက်ဆိုင်ရာ ဇုန်နယ်မြေတာဝန်ခံများ၊ သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရန်ကုန်-သန်လျင်တံတား အမှတ်(၂)တည်ဆောက်ရေး စီမံကိန်းတွင် အင်ဂျင်နီယာမှူးကြီး(စီမံကိန်း) ဦးမြင့်လွင်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ခရမ်းရေထိန်းတံခါးကို တာဝန်ယူတည်ဆောက်နေသည့် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူးဦးလှမြင့်က ခရမ်းရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်း ရည်ရွယ်ချက်၊ တည်နေရာ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့မှု၊ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးရေ ရရှိရေးနှင့် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ထားမှု အခြေအနေများနှင့် အကျိုးပြုမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်းနှင့်အညီ

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တည်ဆောက်နေသည့် ခရမ်းရေထိန်းတံခါးကို သတ်မှတ်ကာလအတွင်း အချိန်မီတည်ဆောက်ပြီးစီးရေး၊ လုပ်ငန်းသုံးယာဉ်ယန္တရားနှင့် ပစ္စည်းများ၊ ငွေကြေးလုပ်အားနှင့် အချိန်လေလွင့်ဆုံးရှုံးမှုမရှိရေး၊ ရေထိန်းတံခါးကို အချိန်စော၍ တည်ဆောက်ပြီးစီးသည်နှင့်အမျှ ဒေသခံပြည်သူများ ရေထိန်းတံခါးကြောင့် အကျိုးခံစားမှုများ စောစွာခံစားနိုင်ကြမည်ဖြစ်သဖြင့် စနစ်တကျ စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်သွားကြရေး မှာကြားသည်။

ရေထိန်းတံခါးတည်ဆောက်ပြီးစီးပါက ဧက ၃၀၀၀၀ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ရေယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရန်ကုန်-သန်လျင်တံတား အမှတ်(၂)တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ နံနက် ၉နာရီ ၄၅မိနစ်တွင် ရောက်ရှိကြသည်။

ဖြည့်စွက်ရှင်းလင်း

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ရန်ကုန်-သန်လျင်တံတား အမှတ်(၂)တည်ဆောက်ရေး စီမံကိန်း အင်ဂျင်နီယာမှူးကြီး(စီမံကိန်း) ဦးမြင့်လွင်က ရန်ကုန်-သန်လျင်တံတား အမှတ်(၂) တည်ဆောက်ရေးဆိုင်ရာ အချက်အလက်များ၊ တံတားတည်ဆောက်ပြီးစီးမှုနှင့် တံတားကြီးကို သတ်မှတ်ချိန်ကာလအတွင်း အချိန်မီ တည်ဆောက်ပြီးစီးရေးအတွက် ကြိုးပမ်းတည်ဆောက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင် မိုင်၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး အတွက် မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်နေမှု၊ ရန်ကုန်တိုင်းအတွင်း စိုက်ပျိုးရေ ရရှိရေးအတွက် တည်ဆောက်ပြီးဆည်များ၊ ရေထိန်းအားလုံးက အဆက်အစပ်ရှိရှိ ပူးပေါင်းဆောင်ရွက်သွားကြရေးနှင့် လောင်စာဆီသုံး မြစ်ရေတင်စက်များနှင့် လယ်ထွန်စက်ငယ်များကို သဘာဝဓာတ်ငွေ့(CNG) သုံးစက်များအဖြစ် ပြောင်းလဲသုံးစွဲရေးတို့ကို လည်းကောင်း မှာကြားပြီး ရန်ကုန်-သန်လျင်တံတား အမှတ်(၂)တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်မှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

ရန်ကုန်-သန်လျင်တံတားအမှတ်(၂)မှာ ခြောက်လမ်းသွား သံကူကွန်ကရစ် အမျိုးအစားတံတားဖြစ်ပြီး အရှည် ပေ၄၅၄၀၊ ယာဉ်သွားလမ်းအကျယ် ၇၂ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေစီရှိမည်ဖြစ်ပြီး တံတားကြီး၏ ခွင့်ပြုအလေးချိန်မှာ ၇၅တန် ဖြစ်သည်။

ကြိုးပမ်းတည်ဆောက်

တံတားကြီးကို လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ကောင်းမွန်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကိုရည်ရွယ်၍ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် သန်လျင်မြို့နယ်တို့အား ပဲခူးမြစ်ကိုဖြတ်သန်းကာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁)က အချိန်မီပြီးစီးဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖော်လူဂျာမြို့အား ကန်တပ်ဖွဲ့ လေကြောင်းမှထပ်မံတိုက်ခိုက် လူ၃၀သေဆုံးပြီး၄၀ဒဏ်ရာရကြောင်း ဆေးရုံသတင်းရပ်ကွက်ကပြောကြား

ဘဂ္ဂဒက် စက်တင်ဘာ ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ဘက်ရှိ ဖော်လူဂျာမြို့အနီးတွင် သောကြာနေ့၌ အမေရိကန်တပ်များက လေကြောင်းမှတိုက်ခိုက်မှုကြောင့် လူ၃၀ထက်မနည်းသေဆုံးပြီး ၄၀ဒဏ်ရာရခဲ့ကြောင်း စစ်ဘက်နှင့်ဆေးရုံသတင်းရပ်ကွက်များက ပြောကြားသည်။

အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည်ဟု မသင်္ကာသော ဂျော်ဒန်နိုင်ငံဖွား အဘူမူဆက်အယ်လ်ဇာကာဝီ၏ ခုခံတိုက်ခိုက်ရေးပြောက်ကျားများကို အမေရိကန်တပ်များက ပစ်မှတ်ထားပြီး ညလုံးပေါက်တိုက်ခိုက်ခဲ့ရာ၌ ထိုသို့ လူအများအပြား သေဆုံးခဲ့ရခြင်းဖြစ်သည်။

ပါဝင်

သေဆုံးသူ ၃၀ထက်မနည်းနှင့် ဒဏ်ရာရသူ ၄၀ကျော်တွင် မိန်းမများနှင့် ကလေးငယ်များပါဝင်ကြောင်း ဖော်လူဂျာရှိ ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

တိုက်ခိုက်

ဇန်နဝါရီလ၌ ကျင်းပရန်သတ်မှတ်ထားသော အီရတ်အမျိုးသားရွေးကောက်ပွဲများမတိုင်မီ ဖော်လူဂျာမြို့ကို ပြန်သိမ်းနိုင်ရန် အမေရိကန်တပ်များသည် မကြာသေးမီ သီတင်းပတ်များအတွင်း နေ့စဉ်နီးပါး လေကြောင်းမှ တိုက်ခိုက်ခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်၌ ခရီးသွားလာကြသည့် အမေရိကန်နိုင်ငံသားများ အန္တရာယ်ကြုံတွေ့နိုင်ကြောင်း နိုင်ငံခြားရေးဌာန သတိပေးချက်ထုတ်ပြန်

ဝါရှင်တန် စက်တင်ဘာ ၁၈

ဘဂ္ဂဒက်ရှိ နေအိမ်များမှနေ၍ အမေရိကန်ဆောက်လုပ်ရေး အလုပ်သမားနှစ်ဦး ပြန်ပေးဆွဲခံရပြီးနောက် တစ်နေ့၌ အီရတ်တွင် အမေရိကန်နိုင်ငံသားများ ခရီးသွားလျှင် အန္တရာယ်တွေ့ကြုံနိုင်ကြောင်း နိုင်ငံခြားရေးဌာနက သောကြာနေ့၌ သတိပေးလိုက်သည်။ အီရတ်တွင် အမေရိကန်နိုင်ငံသားများအားလုံးအတွက် ခြိမ်းခြောက်မှုအန္တရာယ် အဆိုးဆုံးမြင့်မားနေမြဲဖြစ်ကြောင်း၊ ကားနှင့်ခရီးသွားခြင်းသည် အကြီးမားဆုံးဖြစ်ကြောင်း နိုင်ငံခြားရေးဌာနက သတိပေးပြောကြားသည်။

အကြမ်းဖက်သမားများက အရပ်လေကြောင်းပျံသန်းရေးကို ပစ်မှတ်ထားသည်ဆိုသော ယုံကြည်လောက်သည့် သတင်းရရှိထားကြောင်း နိုင်ငံခြားရေးဌာနက ပြောကြားပြီး အီရတ်သို့လာသော သို့မဟုတ် အီရတ်မှထွက်ခွာသော အရပ်ဘက်လေယာဉ် အသုံးပြုသည့် အန္တရာယ်ကို သတိပေးထားသည်။

ပစ်မှတ်ထား

ခုခံတိုက်ခိုက်ရေးသမားများသည် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ရဲစခန်းများ၊ စစ်ဆေးရေးစခန်းများ၊ နိုင်ငံခြားသံတမန်လုပ်ငန်းများ၊ နိုင်ငံတကာဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်ပ၌ သွားရောက်နေထိုင်သူများ ရှိရာနေရာများအား ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြကြောင်း နိုင်ငံခြားရေးဌာနက ပြောကြားသည်။

တိုက်ခိုက်မှုများသည် နေ့ခင်းဘက်၌ ဖြစ်ပွားသော်လည်း ညဘက်ခရီးသွားခြင်းက ပိုအန္တရာယ်များကြောင်း၊ ခရီးသွားလျှင် အထူးသဖြင့် အန္တရာယ်ရှိသောနေရာများမှာ ရာမာဒီနှင့် ဖော်လူဂျာ၊ အယ်လ်ဟီလာနှင့် ဘဂ္ဂဒက်အကြား၊ နိုင်ငံတကာဆိုင်ရာ ဒေသနှင့် ဘဂ္ဂဒက်နိုင်ငံတကာဆိုင်ရာလေဆိပ်အကြား နေရာတို့ဖြစ်ကြောင်း နိုင်ငံခြားရေးဌာနက သတိပေးထားသည်။

သတင်းပို့

အီရတ်သို့ အလည်အပတ်သွားသော သို့မဟုတ် အီရတ်၌ နေထိုင်သော အမေရိကန်နိုင်ငံသားများအနေဖြင့် ၎င်းတို့၏ လုံခြုံရေးကို အထူးသတိထားရန်၊ လူအုပ်ကိုရှောင်ရန်နှင့် မိမိတို့ရှိရာနေရာကို အမေရိကန်သံရုံးသို့ သတင်းပို့ရန် တိုက်တွန်းနှိုးဆော်ထားသည်။

၂၀၀၃ခုနှစ် မတ်လ၌ အမေရိကန်ဦးဆောင်ပြီး အီရတ်ကို ကျူးကျော်ခဲ့ချိန်မှစပြီး ပြန်ပေးဆွဲခံခဲ့ရသော နိုင်ငံခြားသား ၁၀၀မက ရှိပြီး အများအပြား အသတ်ခံခဲ့ကြရသည်။

(အင်တာနက်)

ပျက်စီး

ဘဂ္ဂဒက်မြို့လယ်တွင် အသေခံကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်များကို စက်တင်ဘာ ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဒဏ်ရာရရှိ

ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်ကလေးငယ်နှစ်ဦး ဆေးရုံ၌ဆေးကုသမှုခံယူနေရသည်ကို စက်တင်ဘာ ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်သတင်းအကျဉ်း

- ဖော်လူဂျာမြို့အား အမေရိကန်တို့ လေကြောင်းမှ ထပ်မံတိုက်ခိုက်ပြန်။
- ခုခံတိုက်ခိုက်ရေးသမားတို့ ဆင်နွှဲသည့် ပြောက်ကျားစစ်ပွဲကြောင့် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ စိတ်ဖိစီးမှုဝေဒနာ ခံစားနေကြရ။
- အီရတ်၌ တားမြစ်လက်နက်များ သိမ်းဆည်းထားခြင်းမရှိဟု ဆိုသော အစီရင်ခံစာ ဖော်ပြချက် ဘုရှ်အပေါ် ဒီမိုကရက်တို့ ပြစ်တင်ရှုတ်ချရန် အခွင့်အလမ်းရရှိ။
- အယ်လ်အန်ဘာပြည်နယ်၌ တိုက်ပွဲဖြစ်ပွားသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး။
- ဘာဆာရာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွား။
- ဘဂ္ဂဒက်မြို့လယ်၌ အသေခံ ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွား။
- ဖော်လူဂျာမြို့အနီး ဇီဒင်ကျေးရွာကို အမေရိကန် တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်။

ခုခံတိုက်ခိုက်ရေးသမားတို့ဆင်နွှဲသည့်ပြောက်ကျားစစ်ကြောင့် ကန်တပ်ဖွဲ့ဝင်များ စိတ်ဖိစီးမှုဝေဒနာ ခံစားနေကြရ

ဝါရှင်တန် စက်တင်ဘာ ၁၈

အီရတ်တွင် ခုခံတိုက်ခိုက်ရေးသမားများ ဆင်နွှဲနေသည့် ပြောက်ကျားစစ်ပွဲကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ စိတ်ဖိစီးမှုဝေဒနာ ပိုမိုခံစားလာနေကြရကြောင်း အမေရိကန်အရန်စစ်ဘက်ဆိုင်ရာတပ်မှူးက ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

တိုးပွား

ထရပ်ကားမောင်းသည့်အလုပ်မှ ယာဉ်အသွားအလာ လမ်းညွှန်သည့်အလုပ်အထိ ဗုံးခွဲမှုများနှင့် ပြောက်ကျားတို့ တိုက်ခိုက်မှုများ တိုးပွားလာမှုကြောင့် စစ်မြေပြင်အလုပ်များ ဖြစ်လာကြောင်း ဒုတိယဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဟမ်လီက ပြောကြားသည်။

ပြောကြား

ထောက်ပံ့ဖြည့်တင်းရေး တာဝန်ယူရသော အမေရိကန်တပ်ဖွဲ့ဝင် ရာခိုင်နှုန်းအများအပြားသည် အီရတ်၌တိုက်ခိုက်ရေးတွင် ပါဝင်နေရကြောင်း စူးစမ်းလေ့လာချက်အရသိရကြောင်း ဂျိမ်းစ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဘဂ္ဂဒက်နှင့် အီရတ်မြောက်ပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နှင့် အီရတ်နိုင်ငံမြောက်ပိုင်း၌ ခုခံတိုက်ခိုက်ရေးသမားတို့က စနေနေ့တွင် ဗုံးခွဲတိုက်ခိုက်ခဲ့ကြရာ အီရတ်၁၉ဦးနှင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့၌ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတွင် လူငယ်တစ်ဦးက အီရတ်အမျိုးသားအစောင့်တပ် အဆောက်အအုံရှိရာသို့ ကားကိုမောင်းဝင်လာပြီးနောက် တပ်ဖွဲ့ဝင်သစ်များ အနီးအရောက်၌ ကားကိုဖောက်ခွဲခဲ့သဖြင့် ၁၉ဦး သေဆုံးပြီး ၆၃ဦးဒဏ်ရာရခဲ့ကြောင်း၊ ဘဂ္ဂဒက် နိုင်ငံတကာလေဆိပ်သို့သွားသောလမ်းပေါ်၌ ကားဗုံးနှစ်လုံးဖြင့်ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ၌မူ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ၁၁ဦးဒဏ်ရာရခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

တောရိုင်းတိရစ္ဆာန်များအား တရားမဝင်ကုန်သွယ်မှု အရှေ့တောင်အာရှနိုင်ငံများ နှိမ်နင်းတိုက်ဖျက်သွားမည်

ဗန်ကောက် စက်တင်ဘာ ၁၈

အရှေ့တောင်အာရှနိုင်ငံများသည် သဘာဝတောရိုင်းတိရစ္ဆာန်များအား တရားမဝင်ကုန်သွယ်မှုများကို နှိမ်နင်းတိုက်ဖျက်သွားမည့် ပထမညှိနှိုင်းကြိုးပမ်းဆောင်ရွက်မှုကို ထုတ်ပြန် ကြေညာရန်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအုပ်စုဖြစ်သည့် တရက်ဖ်ဖစ်ခ်က ကြာသပတေးနေ့က ပြောကြားသည်။

ထုတ်ပြန်ကြေညာမည်

ရှေ့လတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ပတ်ဝန်းကျင် ညီလာခံတွင် အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ)က အဖွဲ့၏ အစီအစဉ်ကို ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ၎င်းအုပ်စုက ပြောဆိုသည်။

ဥပဒေလိုက်နာကျင့်သုံးရေး သင်တန်းနှင့် သိပ္ပံဆိုင်ရာ သုတေသနပြုမှုနှင့် ပတ်သက်သည့် တိကျသော လုပ်ငန်းဆောင်ရွက်ချက် အစီအစဉ်များကို အောက်တိုဘာလလယ်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ရမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်အုပ်စုဝင် အန်ဂျီဂူးက ပြောကြားသည်။

ယင်းကြေညာချက်သည် အလွန်ယေဘုယျကျပြီး ဒေသဆိုင်ရာ ပြဿနာများအတွက် လိုအပ်သော အဖြေများအပေါ်တွင် အသိအမှတ်ပြုပြီး အဓိကထားလုပ်ဆောင်သွားမည်ဟု ထရက်ဖ်ဖစ်ခ်ညှိနှိုင်းဆောင်ရွက်ရေးမှူးဂူးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

တရုတ်လယ်သမားများ ဝင်ငွေတိုးတက်

ဟုတ်ဟော့ စက်တင်ဘာ ၁၈

တရုတ်လယ်သမားများ၏ ဝင်ငွေသည် ယခုနှစ်ပထမနှစ်ဝက်တွင် တိုးတက်များပြားလာခဲ့ကြောင်း ယင်းကဲ့သို့ ဝင်ငွေတိုးတက်ကြီးမားလာခဲ့ခြင်းမှာ အစိုးရ၏ အားပေးဆွဲဆောင်မှုများကြောင့်ဖြစ်ကြောင်းသိရသည်။

ယခုနှစ်ဇန်နဝါရီလမှဇွန်လအထိ ကာလအတွင်း တရုတ်လယ်သမားများ၏ ဝင်ငွေသည် ၁၃၇၁ယွမ် (အမေရိကန်ဒေါ်လာ ၁၆၅ဒသမ၂ဒေါ်လာ) ရှိခဲ့ရာ ၁၉၉၇ခုနှစ်ကစပြီး နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၁၃ရာခိုင်နှုန်းရှိကြောင်း ဗဟိုနိုင်ငံရေးသုတေသနသိပ္ပံ ဒုတိယညွှန်ကြားရေးမှူး ဇန်ဇင်က သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

တရုတ်နိုင်ငံရှိ တောင်သူလယ်သမားများအားလုံးအတွက်ဆိုလျှင် တိုးတက်မှုမှာ ၂ဒသမ၁ရာခိုင်နှုန်း ဝင်ငွေများတိုးတက်လာခဲ့ကြောင်း ယင်းမှာ ဈေးနှုန်းအတက်အကျများနှင့် ပတ်သက်၍ အစိုးရကခွင့်ပြုပေးခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ဇန်က ပြောကြားသည်။

တရုတ်နိုင်ငံတွင် ၂၀၀၃ခုနှစ်က ကောက်ပဲသီးနှံထွက်ရှိမှုမှာ တန်ချိန် ၄၃၁သန်းရှိခဲ့ရာ ၂၀၀၂ခုနှစ်ကထက် ၅ဒသမ၈ရာခိုင်နှုန်း လျော့နည်းခဲ့သော်လည်း ယခုနှစ်ပထမနှစ်ဝက်တွင် နွေရာသီကောက်ပဲသီးနှံနှင့်ဆန်ထွက်ရှိမှုမှာ ကီလိုဂရမ် ၁၀၁ဒသမ၀၅ဘီလီယံနှင့် ကီလိုဂရမ်၃၃ဒသမ၅ဘီလီယံ ထွက်ရှိခဲ့ရာ ပြီးခဲ့သည့်နှစ်ကထက် ၄ဒသမ၈ရာခိုင်နှုန်းနှင့် ၁၄ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘောဒီးယားနိုင်ငံ ကုန်လှောင်ရုံတစ်ခု၌ အမျိုးသမီး အလုပ်သမားတစ်ဦး ဆန်များ သန့်စင် နေမှုကို တွေ့ရစဉ်။ (ကမ္ဘောဒီးယားနိုင်ငံသည် ဥရောပဈေးကွက်သို့ ဆန်တင်ပို့ရောင်းချရန် စီစဉ်လျက်ရှိသည်။)

(ဓာတ်ပုံ-အင်တာနက်)

တရုတ်၌ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး တိုးတက်လုပ်ဆောင် ၂၀၀၁ - ၂၀၀၅ခုနှစ်အတွင်း ဒေါ်လာ၈၄ဘီလီယံကျော် သုံးစွဲခဲ့

ကျင်တာအို စက်တင်ဘာ ၁၈

တရုတ်နိုင်ငံသည် ပတ်ဝန်းကျင်တိုးတက်မှုရှိစေရန် အတွက် ၂၀၀၁-၂၀၀၅ခုနှစ်ကာလအပိုင်းအခြားအတွင်း ယွမ် ၇၀၀ဘီလီယံကျော် (ဒေါ်လာ ၈၄ ဒသမ ၃ ဘီလီယံ) သုံးစွဲထားကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေး အုပ်ချုပ်မှုအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဝမ်ယူကျင်က ပြောကြားသည်။

ညီမျှ

ထိုသုံးစွဲငွေ ပမာဏသည် နိုင်ငံ၏ စုစုပေါင်း ကုန်ထုတ်လုပ်မှု (ဂျီဒီပီ) တန်ဖိုး၏ ၁ဒသမ၃ရာခိုင်နှုန်းနှင့် ညီမျှသည်ဟု တရုတ်-တောင်ကိုရီးယား ပတ်ဝန်းကျင်ကာကွယ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဖိုရမ်၌ ဝမ်ယူကျင်က ပြောကြားသည်။

အဆိုပါ ဖိုရမ်ကို တရုတ်နိုင်ငံ အရှေ့ဘက် ရှန်တုန်ပြည်နယ် မြို့တော် ကျင်တာအို၌ ကြာသပတေးနေ့က ဖွင့်လှစ်ခဲ့သည်။

သုံးစွဲ

ထိုရန်ပုံငွေကို ရေနှင့်လေထုညစ်ညမ်းမှု လျော့ပါးစေရန် အဓိကထား သုံးစွဲလျက်ရှိသည်ဟု ဆိုသည်။

ပျက်စီး

တစ်ကမ္ဘာလုံး၏ ပတ်ဝန်းကျင် အဆင့်အတန်းသည် စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုနှင့် လူဦးရေ ကြီးထွားမှုတို့ကြောင့် ပို၍ပို၍ ပျက်စီးလာခဲ့ရာ တစ်ကမ္ဘာလုံးက စိုးရိမ် ပူပန်လျက်ရှိကြသည်။

အမ်အင်အေ၊ဆင်ဟွာ

(၁၃)ကြိမ်မြောက် ရွှေကြက်ဖရုပ်ရှင်ပွဲတော် တရုတ်နိုင်ငံ ယင်ချွမ်မြို့တွင် ဖွင့်လှစ်

ယင်ချွမ် စက်တင်ဘာ ၁၈

(၁၃)ကြိမ်မြောက် ဂိုးလ်ဒင်းရူစတာ(ရွှေကြက်ဖ)နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ နင်စီယာဟူ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၏ မြို့တော် ယင်ချွမ်၌ သောကြာနေ့က ဖွင့်လှစ်လိုက်သည်။

ယင်းရုပ်ရှင်ပွဲတော်တွင် တောင်ကိုရီးယား၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် ဥရောပနိုင်ငံများမှ ရုပ်ရှင်ကား ၁၅ ကားကို ပြသရန် စီစဉ်ထားသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်သို့ ပြည်တွင်းနှင့် ပြည်ပမှ ရုပ်ရှင်ဒါရိုက်တာများနှင့် သရုပ်ဆောင်ရာပေါင်းများစွာ တက်ရောက်လျက်ရှိကြသည်။

အမ်အင်အေ၊ဆင်ဟွာ

စင်ကာပူ၏ ကုန်သွယ်မှု ဩဂုတ်လတွင်အများဆုံးတိုးတက်ခဲ့

စင်ကာပူ စက်တင်ဘာ ၁၈

စင်ကာပူနိုင်ငံ၏ ရေနံမဟုတ်သော ပြည်တွင်းထုတ်ကုန်များ၏ ပြည်ပပို့ကုန်(အင်န်အိုဒီအိတ်စ်)သည် ပြီးခဲ့သောနှစ် ဩဂုတ်လနှင့် နှိုင်းယှဉ်လျှင် ယခုနှစ်ဩဂုတ်လတွင် ၂၉ရာခိုင်နှုန်း တိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၆ဒသမ၉၈ ဘီလီယံခန့်အထိ လျင်မြန်စွာ မြင့်တက်ခဲ့သည်။

(အင်န်အိုဒီအိတ်စ်) ပို့ကုန်များ၏ အကျိုးအမြတ်ကို ဆေးဝါးနှင့် ရေနံဓာတုထုတ်ကုန်များမှ ရရှိခဲ့သည်။ ပြီးခဲ့သောနှစ် ဒီဇင်ဘာလက ၃၀ဒသမ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီးသည်ကစပြီး (အင်န်အိုဒီအိတ်စ်) ပို့ကုန်နှစ်ပတ်လည်တိုးတက်မှုသည် ဩဂုတ်လထဲတွင် အများဆုံးဖြစ်ကြောင်း နိုင်ငံတကာစီးပွားရေးလုပ်ငန်း စင်ကာပူ (အိုင်အီးစင်ကာပူ)၏ သောကြာနေ့က ထုတ်ပြန်သော စာရင်းများ၌ ဖော်ပြထားသည်။

တိုးမြှင့်

စင်ကာပူနိုင်ငံပို့ကုန်များတွင် ထက်ဝက်ခန့်သည် လျှပ်စစ်ပစ္စည်းပို့ကုန်ကဏ္ဍဖြစ်ပြီး ဇူလိုင်လတွင် ၁၆ဒသမ ၉ရာခိုင်နှုန်းတိုးမြှင့်ခဲ့ရာမှ ဩဂုတ်လတွင် ၂၄ဒသမ၂ရာခိုင်နှုန်းအထိရှိခဲ့သည်။

ကျေနပ်

ဩဂုတ်လတွင် လျှပ်စစ်ပစ္စည်း ထုတ်ကုန်မဟုတ်သော (အင်န်အိုဒီအိတ်စ်) ပို့ကုန်သည် အားရကျေနပ်လောက်အောင် မြင့်တက်ခဲ့သည်။ ဥရောပသမဂ္ဂ နိုင်ငံများနှင့် အမေရိကန်နိုင်ငံသို့တင်ပို့မှုသည် ၃၅ဒသမ ၃ ရာခိုင်နှုန်းနှင့် ၃၃ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့သည်။ စင်ကာပူနိုင်ငံ၏ အဓိကကုန်သွယ်မှု နိုင်ငံများတွင် သဘော်ဖြင့် တင်ပို့ခဲ့သော ဩဂုတ်လ ပြည်ပပို့ကုန် ၄၁ဒသမ၉ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်ရာ တရုတ်နိုင်ငံသည် ပြည်ပပို့ကုန် ဈေးကွက်တွင် လျင်မြန်စွာ ဆက်လက်တိုးတက်လျက်ရှိသော နိုင်ငံဖြစ်သည်။

စင်ကာပူနိုင်ငံ၏ စုစုပေါင်း ကုန်သွယ်မှုသည် ဩဂုတ်လတွင် ၂၈ ဒသမ၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

လိုင်းဖုန်းနှင့် မိုဘိုင်းလ်ဖုန်းသန်း ၂၀၀အထိတိုးရန် အိန္ဒိယက စီစဉ်ထားကြောင်း အင်ဒို-အာရှသတင်းဌာနဖော်ပြ

နယူးဒေလီ စက်တင်ဘာ ၁၈

အိန္ဒိယအစိုးရသည် လာမည့်သုံးနှစ်အတွင်း လိုင်းဖုန်းနှင့် မိုဘိုင်းလ်ဖုန်း အရေအတွက်ကို သန်း ၂၀၀ထိ နှစ်ဆကျော် တိုးမြှင့်ဆက်သွယ်ပေးသွားရန် စီစဉ်ထားကြောင်း အင်ဒို-အာရှသတင်းဌာန(အိုင်အေအင်အက်စ်)က သတင်း ထုတ်ပြန်လိုက်သည်။

မျှော်လင့်

၂၀၀၇ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ လိုင်းဖုန်းနှင့် မိုဘိုင်းလ်ဖုန်းဆက်သွယ်မှုကို သန်း ၂၀၀အထိ တိုးမြှင့်ရန် မိမိတို့မျှော်လင့်ထားကြောင်း ဆက်သွယ်ရေးနှင့် အိုင်တီဝန်ကြီးရှကီးလ်အာမက်က အရှေ့အိန္ဒိယရှိ ပက်နာတွင် ပြောကြားသည်။

ယခုအခါ အိန္ဒိယနိုင်ငံ၌ လိုင်းဖုန်းနှင့် မိုဘိုင်းလ်ဖုန်း အဆက်အသွယ် ၈၅သန်းမျှသာရှိကြောင်း၊ လိုင်းဖုန်းနှင့် မိုဘိုင်းလ်ဖုန်းများကို ပြည်သူလူထုထံ၊ အထူးသဖြင့် ကျေးလက်ဒေသတွင် ပိုမိုတပ်ဆင်ပေးရန်ရှိကြောင်း အာမက်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တက်ရောက်

ဂရိနိုင်ငံ အေသင်မြို့၌ ကျင်းပသည့် အေသင်ပါရာလမ်ပစ်အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တောင်ကိုရီးယား အားကစားအဖွဲ့ စက်တင်ဘာ ၁၈ရက်က တက်ရောက်ကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာဆာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်နေသော အီရတ်ပြောက်ကျားများကို စက်တင်ဘာ ၁၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အယ်လ်အန်ဘာပြည်နယ်တွင်တိုက်ပွဲဖြစ်ပွား

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၈

ဘဂ္ဂဒက်အနောက်ဘက်၌ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်၏ သောကြာနေ့ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဖော်ပြ

အီရတ်အနောက်ပိုင်း အယ်လ်အန်ဘာပြည်နယ်၌ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး တိုက်ပွဲအတွင်းသေဆုံးပြီး အခြားနှစ်ဦးမှာ တိုက်ပွဲ၌ရရှိခဲ့သော ဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း ကြာသပတေးနေ့နှောင်းပိုင်း၌ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ဖြစ်ပွား

ရာမာဒီနှင့် ဖော်လူဂျာမြို့များပါဝင်သော အယ်လ်အန်ဘာပြည်နယ်အား အမေရိကန်ကိုခုခံတိုက်ခိုက်နေသည့် လက်နက်ကိုင်ပြောက်ကျားအုပ်စုများက သိမ်းပိုက်ထားပြီး ပြင်းထန်သော တိုက်ပွဲအချို့ဖြစ်ပွားခဲ့သည်။

ထိုအတောအတွင်း ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့များက လေကြောင်းမှ ထပ်မံတိုက်ခိုက်ခဲ့ရာ ခုခံတိုက်ခိုက်ရေးပြောက်ကျား ၃၀ထက်မနည်း သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်အကျဉ်းသားများအား နှိပ်စက်သည့်ဒိန်းမတ်တပ်ဖွဲ့ဝင်များ စုံစမ်းစစ်ဆေးမှုများရင်ဆိုင်ကြရမည်

ကိုပင်ဟေဂင် စက်တင်ဘာ ၁၈

အီရတ်နိုင်ငံ၌ တာဝန်ထမ်းဆောင်ခဲ့သည့် ဒိန်းမတ်တပ်မှူးဟောင်းသည် အီရတ်နိုင်ငံတောင်ပိုင်း ဒိန်းမတ်စစ်အခြေစိုက်စခန်း၌ တာဝန်ထမ်းဆောင်ခဲ့စဉ် စစ်အကျဉ်းသားများအား ညဉ်းပန်းနှိပ်စက်သည်ဆိုသည့် စွပ်စွဲချက်အပေါ် စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း ဒိန်းမတ်မီဒီယာက သောကြာနေ့တွင် သတင်းဖော်ပြသည်။

တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဟင်ရစ်ဒ်ဖလက်ချ်နှင့် အခြားအရာရှိ သုံးဦးအား စကင်ဒီနေးဗီးယားတွင် နေထိုင်သူတစ်ဦးအား သတိလစ်အောင် ရိုက်နှက်စေပြီး အရှက်တကွဲ ဖြစ်အောင် ညှဉ်းပန်းနှိပ်စက်မှုဖြင့် ပြီးခဲ့သောလက အီရတ်နိုင်ငံမှ ပြန်လည်ခေါ်ယူခဲ့သည်။ အပြစ်ရှိကြောင်း တွေ့ရှိလျှင် ဖလက်ချ်သည် ထောင်ဒဏ် တစ်နှစ်ကျခံရဖွယ် ရှိသည်။ **အမ်အင်အေ၊ရိုက်တာ။**

လူထုသဘောထားစစ်တမ်း၌ ဘုရှ်ကိုကယ်ရီယှဉ်နိုင် စီးပွားရေးနှင့်စပ်လျဉ်းသည့် သဘောထား၌ကယ်ရီအသာရ

လန်ဒန် စက်တင်ဘာ ၁၈

အမေရိကန်သမ္မတလောင်း ဂျွန်ကယ်ရီနှင့် လက်ရှိသမ္မတဂျော့ဒဗလျူဘုရှ်တို့အပေါ် လူထုသဘောထားကို ဆန်းစစ်လေ့လာကြည့်ရာ ကြာသပတေးနေ့က ထုတ်ပြန်လိုက်သော လူထုသဘောထားစစ်တမ်းတွင် ဂျွန်ကယ်ရီသည် သမ္မတဘုရှ်နှင့် ကွာဟချက်ကို သိသာစွာ ကျဉ်းမြောင်းစေနိုင်ခဲ့သည်ကို တွေ့ရသည်။

အမှတ်ချင်းတူ

ကြာသပတေးနေ့က ထုတ်ပြန်ခဲ့သည့် လူထုသဘောထား စစ်တမ်း၌ ဂျွန်ကယ်ရီနှင့်သမ္မတဘုရှ်တို့သည် လူထုထောက်ခံမှု၌ အမှတ်ချင်းတူညီခဲ့သည်။

ရရှိခဲ့

စက်တင်ဘာ ၁၁ရက်မှ ၁၄ရက်ထိ ပြုလုပ်ခဲ့သော လူထုသဘောထား ဆန်းစစ်ချက်၌ သမ္မတဘုရှ်နှင့် ဂျွန်ကယ်ရီတို့သည် လူထုထောက်ခံမှု ၄၆ရာခိုင်နှုန်းစီ အသီးသီးရခဲ့ကြပြီး စက်တင်ဘာ ၈ရက်မှ ၁၀ရက်ထိ ပြုလုပ်ခဲ့သော လူထုသဘောထား စစ်တမ်း၌ ဘုရှ်ကလူထုထောက်ခံမှု ၅၂ရာခိုင်နှုန်းရပြီး ကယ်ရီက ၄၀ ရာခိုင်နှုန်းအသီးသီးရရှိခဲ့သည်။

ဦးဆောင်

ဘုရှ်က အီရတ်နှင့်အကြမ်းဖက်မှု နှိမ်နင်းရေးစစ်ပွဲတွင် ကယ်ရီကို ဦးဆောင်နိုင်ခဲ့ပြီး စီးပွားရေးတွင် ကယ်ရီက ဘုရှ်ကို အကျော့ရခဲ့သည်။

စစ်တမ်း

စက်တင်ဘာ ၉ရက်မှ ၁၃ရက်ထိ ဝေါလ်စထရိဂျာနယ်အတွက် ဟဲရစ်အင်တာအက်တစ်ဖ်က ပြုလုပ်ပေးခဲ့သော လူထုသဘောထား စစ်တမ်းတွင်မူ ကယ်ရီက ၄၈ရာခိုင်နှုန်းနှင့် ဘုရှ်က ၄၇ ရာခိုင်နှုန်း ရရှိခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်အမျိုးသမီးအကျဉ်းသားများ လွှတ်မပေးလျှင် ဖမ်းထားသောကန်နှစ်ဦးနှင့် ဗြိတိသျှတစ်ဦးအားသတ်ပစ်မည်ဟုဆို

ဒူဘိုင်း စက်တင်ဘာ ၁၉

အီရတ်အမျိုးသမီးအကျဉ်းသားများအား ၄၈ နာရီအတွင်း လွှတ်မပေးလျှင် ဖမ်းဆီးထားသော အမေရိကန်နှစ်ဦးနှင့် ဗြိတိန်တစ်ဦးကို သတ်ဖြတ်မည်ဟု အဘူမူဆက်အယ်လ်ဇာကာဝီ၏ အုပ်စုက ခြိမ်းခြောက်ထားကြောင်း အယ်လ်ဂျာဇီရာက သတင်းထုတ်လွှင့်သည်။

ထိုခြိမ်းခြောက်သည့် ဗီဒီယိုတိပ်ခွေကို အယ်လ်ဂျာဇီရာရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့ရာ မျက်နှာကို အဝတ်စည်းထားသည့် အဖမ်းခံထားရသူသုံးဦးအား မျက်နှာဖုံးစွပ်ထားသူတစ်ဦးက နောက်မှရပ်လျက် ဖမ်းထားသူများ၏ ဦးခေါင်းများအား သေနတ်ဖြင့် ချိန်ထားသည်ကို တွေ့ရသည်။

အဆိုပါအမေရိကန်နှစ်ဦးနှင့် ဗြိတိန်တစ်ဦးတို့သည် ကြာသပတေးနေ့၌ ဘဂ္ဂဒက်ရှိ ၎င်းတို့၏ နေအိမ်များမှနေ၍ သေနတ်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ကြရသည်။

အဆိုပါ လက်နက်ကိုင် ပြောက်ကျားအုပ်စုက အီရတ်ရှိ ဘဂ္ဂဒက်မြို့ပြင် အကျဉ်းစခန်း၌ ဖမ်းဆီးထားသော အီရတ်အမျိုးသမီးအကျဉ်းသားများကို ကြာသပတေးနေ့က ၎င်းတို့ဖမ်းဆီးခဲ့သည့် အမေရိကန်နှစ်ဦး၊ ဗြိတိန်တစ်ဦးတို့နှင့် အလဲအလှယ်လုပ်ပြီး လွှတ်ပေးရန်၄၈ နာရီအချိန်ပေးထားကြောင်း အယ်လ်ဂျာဇီရာက ဖော်ပြသည်။

အကယ်၍ နောက်ဆုံးသတ်မှတ်ပေးထားသည့်အချိန်အတွင်း ၎င်းတို့၏ တောင်းဆိုချက်များကိုလိုက်လျောခြင်းမရှိလျှင် ဖမ်းဆီးထားသူများအား သတ်ပစ်မည်ဟု ပြောကြားသည်။ အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနက သတင်းထုတ်လွှင့်ရာ၌ အဘူဂါရိုပ် အကျဉ်းစခန်း၌ ဖမ်းဆီးထားသော အမျိုးသမီးအကျဉ်းသားဦးရေကို ဖော်ပြထားခြင်းမရှိပေ။ **(အင်တာနက်)**

တားမြစ်လက်နက်များ သိမ်းဆည်းထားခြင်းမရှိဟူသောဖော်ပြချက် ဘုရှ်အပေါ်ဒီမိုကရက်တို့ ပြစ်တင်ရှုတ်ချရန်အခွင့်အလမ်းရရှိ

ဝါရှင်တန် စက်တင်ဘာ ၁၇

ဖယ်ရှားခြင်းခံခဲ့ရသော ယခင်အီရတ်သမ္မတဆက်ဒမ်ဟူစိန်သည် တားမြစ်ထားသော လက်နက်များကို သိုလှောင်သိမ်းဆည်းထားခဲ့ခြင်းမရှိကြောင်း အီရတ်ရှိ အမေရိကန်လက်နက်စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ချားလ်စ်ဂျူဖာကမကြာမီထုတ်ပြန်မည့် အစီရင်ခံစာမူကြမ်း၌ ကောက်ချက်ချဖော်ပြထားသည်။

အီရတ်၌ ပိတ်ပင်တားမြစ်ထားသောလက်နက်များကို အမေရိကန်ပြည်ထောင်စုက ရှာမတွေ့ခဲ့သည်မှာ တစ်နှစ်ခွဲမျှပင်ရှိခဲ့ပြီးဖြစ်သည်။ ထိုပိတ်ပင် တားမြစ်ထားသော လက်နက်များအီရတ်၌ရှိသည်ဆိုသော အကြောင်းပြချက်ဖြင့် အမေရိကန်နှင့် အပေါင်းပါတပ်များသည် အီရတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်ကာ ဆက်ဒမ်ဟူစိန်ကို ရာထူးမှ ဖယ်ရှားပစ်ခဲ့ကြသည်။

ရှုတ်ချ

အကယ်၍ အဆိုပါအစီရင်ခံစာသည် နိုဝင်ဘာ ၂ရက် ရွေးကောက်ပွဲမတိုင်မီ လူထုသို့ထုတ်ပြန်ပေးခဲ့လျှင် ဒီမိုကရက်တို့က သမ္မတဂျော့ဒဗလျူဘုရှ် အစိုးရ၏ အီရတ်အပေါ် စစ်ပွဲဆင်နွှဲရသည့် ဆင်ခြေပေးမှုကို ပြစ်တင်ရှုတ်ချရန်အတွက် အခွင့်အလမ်း ရရှိကြဖွယ်ရှိသည်။

ဒီမိုကရက်သမ္မတလောင်း ဂျွန်ကယ်ရီသည် အီရတ်စစ်ပွဲကို ဘုရှ်၏ ကိုင်တွယ်ဆောင်ရွက်မှုအား ပြစ်တင်ဝေဖန်ခဲ့သည်။ ဂျူဖာ၏ အစီရင်ခံစာသည် ဒေးဗစ်ကေး တင်ပြခဲ့သည့် အစီရင်ခံစာအတိုင်းပင် ဖြစ်ဖွယ်ရှိသည်။

နုတ်ထွက်ခဲ့

ဒေးဗစ်ကေးသည် အောက်တိုဘာလထဲ၌ ကွန်ဂရက်သို့ ကြားဖြတ်အစီရင်ခံစာ တင်သွင်းခဲ့ရာတွင် ဆက်ဒမ်၏ လက်နက်အစီအစဉ်နှင့် ပတ်သက်၍ မိမိတို့အားလုံး မှားယွင်းကြောင်းပြောဆိုကာ ဇန်နဝါရီလထဲ၌ ရာထူးမှ ဒေးဗစ်ကေး နုတ်ထွက်သွားခဲ့သည်။

ဖော်ပြ

ဂျူဖာ၏အစီရင်ခံစာသည် အီရတ်နှင့်ပတ်သက်၍ စစ်မဖြစ်မီ ထောက်လှမ်းရေးအကဲဖြတ်ချက်ကို အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီက ထုတ်ပြန်ပြီးနောက်လပိုင်း၌ ထွက်ပေါ်လာမည်ဖြစ်သည်။

(အင်တာနက်)

ပျက်စီး

ဖော်လူဂျာမြို့အနီး ဇီဒင်ကျေးရွာတွင် အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ် တစ်စီးကို စက်တင်ဘာ ၁၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

20-9 (06).p65 1 27.03.1905, 4:19 PM

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးတိုင်း မြင်းခြံမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားတွင် ဘဏ်အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြင်းခြံမြို့ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ဖွင့်ပွဲတက်ရောက် ရန်ကုန်–မန္တလေးပြည်ထောင်စုလမ်းမကြီးရှိတံတားများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စက်တင်ဘာ ၁၇ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း မြင်းခြံမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဘဏ်အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ရန်ကုန်–မန္တလေး ခြောက်လမ်းသွား ပြည်ထောင်စုလမ်းမကြီးရှိ ပင်းချားတံတားနှင့် မြစ်ငယ်တံတားတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီတွင် မြင်းခြံမြို့ အမှတ် (၂) ရပ်ကွက် မြင်းခြံ–မန္တလေးကားလမ်းပေါ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြင်းခြံမြို့ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းမြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြင်းခြံမြို့ မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဦးမြဖုန်းနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများ ၃၅၀၀ကျော် တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြင်းခြံမြို့ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူး မြင့်စိုးတို့က မြင်းခြံမြို့ မြန်မာ့စီးပွားရေးဘဏ်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များသည်ဘဏ်အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နှစ်ထပ်အဆောက်အအုံ

ဘဏ်လုပ်ငန်း၏ လုံခြုံမှုစနစ်ပိုမိုကောင်းမွန်ရေး၊ ပြည်သူများဘဏ်နှင့် လွယ်ကူစွာ ဆက်သွယ်နိုင်စေရေး၊ ဖွံ့ဖြိုးတိုးတက်သော မြို့အင်္ဂါရပ်နှင့် အညီ သပ်ရပ်ခံ့ညားသော အဆောက်အအုံသစ် ဖြစ်ပေါ်လာရေးတို့ကို ရည်ရွယ်၍ ဘဏ်အဆောက်အအုံသစ်ကို တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလျား ပေ ၈၀၊ အနံ ၇၆ပေရှိ သံကူကွန်ကရစ် ခေတ်မီနှစ်ထပ်အဆောက်အအုံအဖြစ် ဆောက်လုပ်ထားခြင်းဖြစ်သည်။

စိုက်ခင်းများကြည့်ရှု

ဘဏ်ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မြင်းခြံမြို့မှ မြင်းခြံ–မြစ်သားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး မြစ်သား–မင်းစု–ကျောက်ဆည် လမ်းအတိုင်း လမ်းပိုင်းအခြေအနေနှင့် လမ်းဘေးဝဲ/ယာရှိ ပဲမျိုးစုံ စိုက်ခင်းများ၊ စားဖိုဆောင် သီးနှံစိုက်ခင်းများနှင့် မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

လုပ်ငန်းအခြေအနေ

ထို့နောက် ညနေ ၄ နာရီခွဲတွင် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်ကုန်–မန္တလေး ခြောက်လမ်းသွား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ပင်းချားတံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်ဌ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း ကျောက်ဆည်ခရိုင် အင်ဂျင်နီယာ ဦးမောင်မောင်လွင်က ပင်းချားတံတား၏ ရေလယ်တိုင် နှစ်တိုင်နှင့် ကမ်းကပ်ခုံတိုင် နှစ်တိုင်တို့ ပိုင်ထိပ်အုပ်လုပ်ငန်း အားလုံး ပြီးစီးမှု၊ တံတားတိုင် Shaft တည်ဆောက်မှု ၄၂ ရာခိုင်နှုန်းပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ပင်းချားတံတား၏ ရေလယ်တိုင်နှင့် ကမ်းကပ်ခုံတိုင်တို့၌ Shaft တည်ဆောက်နေမှု အခြေအနေနှင့် ပင်းချားချောင်း၏ ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်–မန္တလေး ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ မြစ်ငယ်မြစ်ကူးတံတားသို့ ရောက်ရှိကြပြီး မြစ်ငယ်မြစ်ကူးတံတားပေါ်မှ အသစ်တည်ဆောက်လျက်ရှိသော တံတား၏ ကျောက်ဆည်ခရိုင်ဘက်ခြမ်းရှိ ရေလယ်တိုင်များ ဖြစ်သည့် (P-2)၊ (P-3)နှင့် (P-4)တို့ တည်ဆောက်ထားမှု အခြေအနေနှင့် မြစ်ငယ်မြစ်၏ ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်ဌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးအထူးအဖွဲ့ (၁၂)မှ အင်ဂျင်နီယာမှူး ဦးစိုးမင်းက မြစ်ငယ်တံတား တည်ဆောက်ခဲ့ရာ၌ တံတား တစ်ခုလုံး၏ ၅၇ ရာခိုင်နှုန်း ပြီးစီးနေမှုနှင့် ၂၀၀၅ ခုနှစ်မတ်လတွင် အပြီးတည်ဆောက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မြစ်ငယ်တံတား အချိန်မီပြီးစီးရေးနှင့် ရန်ကုန်–မန္တလေး ပြည်ထောင်စု လမ်းမကြီးကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် လမ်းတည်ဆောက်မှုကို တာဝန်ယူနေသော အဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းစီမံပေးသည်။

မြစ်ငယ်တံတားသည် တံတားအရှည်ပေ ၈၄၀ရှိပြီး ပေ၆၀ လေးခန်း၊ ပေ ၁၀၀ ခြောက်ခန်းရှိသည်။ တံတားအကျယ်မှာ ပေ ၈၀ရှိပြီး ခြောက်လမ်းသွားတံတားဖြစ်သည်။ ချဉ်းကပ်လမ်းမှာ တစ်ဖက်လျှင် ပေ ၇၀၀ခန့်စီ စုစုပေါင်း ပေ၁၄၀၀ခန့်ရှိသည်။

၅၇ရာခိုင်နှုန်းပြီးစီး

တံတား တည်ဆောက်မှုတွင် အောက်ခြေ (Sub Structure) အားလုံးပြီးစီးနေပြီး အပေါ်ထည်ပိုင်း (Super Structure) တွင် ပေ ၆၀ လေးခန်းတို့ကို RC Girder ၈၄လုံး အနက် ၂၆လုံး သွန်းလောင်းပြီး ဖြစ်သည်။ တံတားရက်မ လွန်းထိုးတင်ခြင်းတွင် လေးခန်းခွဲ၌ ရက်မတင်ပြီးဖြစ်ပြီး ကျန်ရက်မများကို ၂၀၀၅ခုနှစ် နှစ်ဆန်းပိုင်းတွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယခုအခါ တံတားတည်ဆောက်မှု လုပ်ငန်းတစ်ခုလုံး၏ ၅၇ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၆၈)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၉

နိုင်ငံတကာ သတင်းဂျာနယ် အမှတ် (၄၆၈)ကို ယနေ့(တနင်္လာနေ့)တွင် ဖြန့်ချိလိုက်သည်။

(ယာပုံ)

"မီဒီယာခေတ်မကျန်ရစ်ဖို့"ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာ သတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား ဖော်ပြနေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုရက်သတ္တပတ်ထုတ်တွင် အီရတ်ကိုအမေရိကန်ကျူးကျော်သိမ်းပိုက်မှု တရားမဝင်ကြောင်းပြောကြားသူ ကိုဖီအာနန်လူတွေ့မေးမြန်းခန်း၊ အီရတ်လုံခြုံရေး ကြိုတင်ဟောကိန်းများ၊ ဂီနီသစ်တောနိုင်ငံအကြောင်း သိကောင်းစရာ၊ ပြည်ပရောက် ဖိလစ်ပိုင် လုပ်သားများ၊ ဗြိတိန်တွင် အမဲလိုက်မှု ပိတ်ပင်ရေးဥပဒေကြမ်းမပြဋ္ဌာန်း ရန်ကန့်ကွက်၊ ကမ္ဘာကြီး ပူနွေးလာမှု ဟူသည်၊ သဘာဝကပ်ဘေးများနှင့် လူ့ပယောဂ၊ ပို့ကုန်မြှင့်တင်နိုင်ရန် အားထုတ်နေသောအိန္ဒိယ၊ ဂရိလယ်သမားနှင့် အီးယူ၏စိုက်ပျိုးရေးမူဝါဒ၊ တရုတ်ရထားလုပ်ငန်းနှင့် ပူးတွဲ လုပ်ကိုင်မည့် ကမ္ဘာ့စားသောက် ဆိုင်လုပ်ငန်းကြီး၊ အမေရိကန်လက်နက်ပိတ်ပင်မှုဥပဒေသက်တမ်းမတိုးမှု သမ္မတဘုရှ်အား ဝေဖန်၊ ခရီးသွားလုပ် ငန်းမြှင့်တင်မည့် ထိုင်းတောင်ပိုင်းဒေသ၊ ပူးတွဲစစ်ရေးလေ့ကျင့်မည့် စင်ကာပူနှင့် ပြင်သစ်လေတပ်များ၊ မျိုးဆက်သစ်ကားများ ပူးတွဲထုတ်လုပ် မည့်ကားကုမ္ပဏီများ၊ ကျောင်းစီးနင်းမှုနှင့် ချေချင်းညှာသူပုန်၊ တောင်ကိုရီးယား ကင်မရာ ဖုန်းဈေးကွက်၊ စင်ကာပူလေကြောင်းဈေးကွက်၊ အိန္ဒိယဓာတ်နိမ့်များအတွက် အလုပ်အကိုင်၊ ဩစတြေးလျ သံရုံး ဗုံးခွဲတိုက်ခိုက်ခံရမှု သင်္ကာမကင်းခံရသူများကို ဖမ်းဆီး၊ ကူရိုင်းကျွန်းစုသို့ သွားရောက်သည့် ဂျပန်ဝန်ကြီးချုပ်၊ မီးတောင်များ အောက်မှရေနံဓာတ်ငွေ့သိုက်များ စသည့် သတင်းများနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာဖော်ပြထားကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၈တိုက်သို့ တပ်မတော်(ကြည်း၊ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲတွင် အလှူရှင်များ၏လှူဒါန်းငွေများကိုလက်ခံစဉ်။ (သတင်းစဉ်)

❐ ကျောဖုံးမှ

ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော်အရာရှိကြီးများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်၊ အတွင်းရေးမှူး ဗိုလ်မှူးမောင်မောင်အေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မင်္ဂလာတောင်ညွန့်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အောင်မြေဗိမာန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဓမ္မိသာရထံမှ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ဆီ၊ ဆား၊ဆေး၊ပဲတို့ကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှဒုတိယဗိုလ်မှူးကြီးခင်မောင်စိုးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ စစ်ဦးစီး ဗိုလ်မှူးကြီး (လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ လှူဒါန်းသည့် ဆွမ်းဆန်တော်များကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များစိုက်ထူလှူဒါန်းပွဲတွင် တပ်မတော်(ကြည်း၊ရေ၊ လေ)မိသားစုများလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တာဝန်ရှိသူများက ပဓာနနာယက ဆရာတော်ထံဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ရန်ကုန်တိုင်း ငါးလုပ်ငန်းရှင်များအဖွဲ့၊ သတ္တုတွင်း ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်း ဆားလုပ်ငန်းရှင်များ၊ တိုင်းရင်းဆေး ဦးစီးဌာန ဝန်ထမ်းမိသားစုများ၊(ဦးသိန်းမောင်)-ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစု၊ ထွန်းရွှေဝါ ဆေးတိုက်မှ ဦးထွန်းရွှေ- ဒေါ်သင်းသင်းဆွေ၊ ဂရိတ်ဝေါဆေးတိုက်၊ ထက်လင်းဆေးတိုက်၊ ဦးဝေလွင်-ဒေါ်ဇာလီအောင်မိသားစု၊ သမားတော်ကြီး ဦးရွှေမြားနှင့် ဦးကြီးမြင့်-ဒေါ်နုနုလွင် အောင်မေတ္တာ ကုမ္ပဏီတို့က လှူဒါန်းသည့် ဆွမ်းဆန်တော်၊ အိုင်အိုဒင်းဆား၊ သွားတိုက်ဆား၊ တိုင်းရင်းဆေးများ၊ဆပ်ပြာများ၊ ဘောပင်များကို အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်လှူဒါန်း

ထို့နောက်ဆွမ်းပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် ၁၈၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၅၄၀၀၀၊ ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့ကငွေကျပ်သုံးသိန်း၊ ဦးစိုင်းအိုက်ပေါင်း (စိန်မေတ္တာမွန်ဆားစက်) က ငွေကျပ် ခုနစ်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ်ငါးသိန်း၊ ဦးတင့်ဆန်း (အေစီအီး ဆောက်လုပ်ရေး)၊ ဒေါက်တာဝင်းဇော် (Lizstar Enterprise Co., Ltd.)နှင့် ဒေါက်တာမိုးတင်တို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးသိန်းဝင်း-ဒေါ်နီ ရွှေသံလွင်မိသားစုက ငွေကျပ် ၄၂၅၀၀၀၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်းနှင့် မြန်မာနိုင်ငံ ဆီကုန်သည်များအသင်းတို့က ငွေကျပ် နှစ်သိန်းစီ၊ မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ ဝန်ထမ်းများက ငွေကျပ် ၃၅၀၀၀၀၊ ဦးမောင်မောင်နှင့် ညီများ (ဂရိတ်ဝေါဆေးတိုက်)နှင့် ဦးအောင်မြတ် (Mother Trading Co.,Ltd.)၊ ဦးကျော်နိုင်ဦး(နိုင်ဂရုဆောက်လုပ်ရေး)နှင့် ချယ်ရီဦးနာရီအရောင်းဆိုင်တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်း မြန်မာပြည်သားဟော့ကုမ္ပဏီ၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့် (B.T.B ကုမ္ပဏီ)၊ ဦးခင်ဇော် (ကျားသုံးကောင်မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ သီရိသုခမ္မမဏိဇောတရေ ဦးစိန်လှဝင်း(စိန်နှင့်ဆန်း ကုမ္ပဏီ)၊ ဦးဖေလှိုင်(မန်နေဂျင်းဒါရိုက်တာ၊ ဆီလ်ဗားရှိုင်း ကုမ္ပဏီ)နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းမှ ဒေါ်သန်းသန်းအေးတို့က ငွေကျပ် နှစ်သိန်းစီ၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစုက ငွေကျပ် ၁၅၀၀၉၀၊ ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေ(သမ္မတသက်န်းတိုက်)က ငွေကျပ် တစ်သိန်းနှစ်သောင်း၊ ဦးတင်အောင်-ဒေါ်လှလှနွယ် ဝင်းရတနာခရီးသည် ပို့ဆောင်ရေးက ငွေကျပ် တစ်သိန်းရှစ်ထောင်၊ တာမွေ မြို့နယ် အမက(၇) ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မျိုးစုက ငွေကျပ် ၁၅၀၀၀၀၊ ယုဇနပလာဇာ ဈေးသာယာရေး ကော်မတီက ငွေကျပ် ၁၀၄၅၂၀၊ ဦးကြည်အေး-ဒေါ်စောမေအေး (ပြည်မြန်မာဆောက်လုပ်ရေး)က ငွေကျပ် တစ်သိန်းကိုးထောင်၊ တာမွေ အထက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်စုနှင့် ပညာရေးမိသားစုက ငွေကျပ် တစ်သိန်းသုံးထောင့်ငါးရာ၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာခရီးသွားလုပ်ငန်း)၊ ဦးအောင်မွန်-ဒေါ်လှလှမော်(မြင့်မြတ် စပါးစိုက်ပျိုးရေးလုပ်ငန်း)၊ ဦးကိုကိုလတ်မိသားစု၊ မြန်မာနိုင်ငံ ပဲကုန်သည်များအသင်း၊ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်မှ ဒေါ်ရီထွေးမိသားစု၊ ဦးအောင်ဝင်း-ဒေါ်ရင်ရင်မြ Suzuki Motor (တာမွေ)၊ ဦးမင်းမောင်မောင်(ပါရာဒိုက်ဆာကူရာ)၊ ဦးနေဝင်း(ရတနာရှိုးဟိုတယ်)၊ ဒေါ်စန်းစန်းရီ(မန်နေဂျင်းဒါရိုက်တာ၊စူပါဝမ်းကုန်တိုက်)၊ ဦးကြီးမြင့်-ဒေါ်နုနုလွင်(NOTI ဘောပင်ကုမ္ပဏီ)၊ ဦးတင်ထွန်း၊ ဦးချစ်စိန်(နယူးကန်တော်ရိပ်ဟိုတယ်)၊ တာမွေမြို့နယ် ပညာရေးမိသားစု၊ ဦးတင်မောင်ဝင်း ဒေါ်ရူပါမြင့် (ILBC)၊ မြန်မာ့မီးရထား မင်္ဂလာတောင်ညွန့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဦးကျော်ထွန်းမိသားစုနှင့် တာမွေမြို့နယ် အထက(၄) ပညာရေးမိသားစုတို့က ငွေကျပ် တစ်သိန်းစီ၊ တာမွေမြို့နယ် မြန်မာပြည်သား အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းစုကငွေကျပ် ရှစ်သောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဦးထွန်းကြည်-ဒေါ်ကြူကြူသွင်နှင့် ဦးသန်းတင်-ဒေါ်မူမူသွင်တို့က ငွေကျပ်ခုနစ်သောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့က စုစုပေါင်း ငွေကျပ်ခြောက်သောင်း၊ ဦးသန်းမောင် (ချမ်းမြေ့စတိုး)က ငွေကျပ်ခြောက်သောင်းသုံးထောင်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဆီလုပ်ငန်းရှင်များအသင်း၊ ဦးဖိုးအောင်-ဒေါ်မေခလာသိန်း၊ ဦးသိန်းအောင်-ဒေါ်သင်းသင်းလှ မိသားစု၊ ဦးချစ်ကိုကို သီရိမင်္ဂလာဟိုတယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဦးသန်းအေး မိသားစု၊ ဦးသန်းအောင်-ဒေါ်စန်းစန်းမော်တို့က ငွေကျပ်ငါးသောင်းစီ၊ မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ငွေကျပ် တစ်သိန်းစီ၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှ၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ(ထွန်းရွှေဝါဆေးတိုက် မိသားစု)၊ (ဦးအောင်မြင့်)-ဒေါ်ဖြူသီလူပုံတော်ပတ္တမြားဆေးတိုက်၊ ဦးခင်မောင်ထွန်း-သားမောင်ထက်လင်း (ထက်လင်းဆေးတိုက်)နှင့် ဦးရွှေမြား မိသားစုတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးဝိစာရအိမ်ရာမှ ဒေါ်မြသိန်း၊ သား မောင်ရန်ရှင်းမိသားစုတို့က ငွေကျပ်သုံးသောင်းတို့ကိုပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြသည်။

ဆက်လက်၍တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ပဲ လှူဒါန်းရခြင်း၏ရည်ရွယ်ချက်များကို ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအေးသော်က လျှောက်ထားသည်။

ရေစက်ချအမျှဝေ

ထို့နောက်တာမွေမြို့နယ်သာသနာ့ဇေယျမင်္ဂလာပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ပညိန္ဒက သာစု အနုမောဒနာနှင့် ရေစက်ချတရားတော်ချီးမြှင့်ပြီးလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဝတ်အဖွဲ့က အရပ်ဆယ်မျက်နှာ မေတ္တာပို့သကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၈တိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ယနေ့

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၈ တိုက်သို့ တပ်မတော်(ကြည်း၊ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲတွင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တာဝန်ရှိသူများက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် အိတ် ၄၅၀၊ ဆီပိဿာ ၁၇၀၊ ပဲပိဿာ ၃၄၀၊ အိုင်အိုဒင်းဆား ၁၆၉၈ပိဿာ၊ သွားတိုက်ဆား ၅၁၉ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ဘူး ၄၉၆၀၊ ဆပ်ပြာ ၃၃၉၆ တောင့်၊ ဘောပင် ၃၆ချောင်းနှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၉၆၁၆၁၁၀ဖြစ်သည်။

အနောက်ပိုင်းခရိုင်

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင်အလုံမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက် ခြောက်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် အလုံမြို့နယ် ကွင်းကျောင်းလမ်းရှိ သာသနဟိတကာရီကွင်းကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကွင်းကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တပညာသီရိအမှူးပြုသော ဆရာတော်သံဃာတော်များကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် အလုံမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး ကွင်းကျောင်းပရိယတ္တိစာသင်တိုက် စာချဓမ္မကထိက ဘဒ္ဒန္တရာဇိန္ဒထံမှ တိုင်းမှူးနှင့်တကွ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များ၊ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လှူဖွယ်ပစ္စည်းများကို ပဓာန နာယကဆရာတော်ထံ ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်စိုးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က ပဓာန နာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန် အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၈ တိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ **(သတင်းစဉ်)**

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ဆွမ်းဆန်တော်များကိုလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက သာသနာရေးဝန်ကြီးဌာနမှ လှူဒါန်းသော ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းသော ဆွမ်းဆန်တော်များကိုလည်းကောင်း ပဓာန နာယကဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကိုလည်းကောင်း၊ ဘုရင့်နောင် OKဆန်ပွဲရုံမှ ဦးငြိမ်း–ဒေါ်အုန်းကျင်တို့က ဆွမ်းဆန်တော် ၁၀အိတ်၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး စန္ဒီပရဆေးက ဆွမ်းဆန်တော် ငါးအိတ်၊ ရန်ကုန်တိုင်းငါးလုပ်ငန်းရှင်များအဖွဲ့က ဆွမ်းဆန်တော်ငါးအိတ်၊ အလုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဆွမ်းဆန်တော် နှစ်အိတ်၊ အလုံမြို့နယ် သမဝါယမအသင်းမိသားစုတို့က ဆွမ်းဆန်တော် နှစ်အိတ်၊ အလုံမြို့နယ် ထူးရှယ်သန့်ဆန်ဆိုင်က ဆွမ်း ဆန်တော်တစ်အိတ်တို့ကိုလည်းကောင်း၊ အလုံမြို့နယ်အတွင်းရှိ ဘိုးဘိုးဆေးတိုက်၊ ခြူးဆေးတိုက်၊ဒေဝသုခ၊လှပျိုဖြူ၊ကေမ္မာ၊ အဓိက၊ မြန်မာစိုး၊ အေးအဘိညာဉ်၊ ဂဠုန်ရာဇာ၊ သုခရာဇာ၊ ရွှေယောက်ျား၊ စွယ်စုံနှင့် သပြေဆေးတိုက်တို့က ဆေးဝါးမျိုးစုံ ၈၄၆ဘူး၊ တိုင်းရင်းဆေးသမားတော်ကြီး ဦးရွှေမြားမိသားစုတို့က တိုင်းရင်းဆေးမျိုးစုံ၊ ထွန်းရွှေဝါဆေးတိုက်မှ ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေမိသားစုက ထွန်းရွှေဝါဆေးတိုက်ထုတ် တိုင်းရင်းဆေးမျိုးစုံဘူး ၇၅၀၊ ထက်လင်းဆေးတိုက်မှ ဦးခင်မောင်ထွန်းက တိုင်းရင်းဆေးမျိုးစုံဘူး ၄၅၀နှင့် ကန်သာဆေးတိုက်၊ အားသစ်မာန်ဆေးတိုက်တို့က တိုင်းရင်းဆေးမျိုးစုံတို့ကိုလည်းကောင်း ပဓာန နာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် ၆၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်၁၈၀၀၀၊ အလုံမြို့နယ်အတွင်းရှိ ရပ်ကွက်၁၁ရပ်ကွက်တို့က ငွေကျပ်၁၀၁၈၀၀၀၊ KNကုမ္ပဏီမှဦးတင်ဝင်း–ဒေါ်စန်းစန်းဝင်း မိသားစုက ငွေကျပ်သုံးသိန်း၊ B.T.B ကုမ္ပဏီမှ ဦးသိုင်းဝင်း–ဒေါ်ဌေးဌေးညွန့်တို့ကငွေကျပ်နှစ်သိန်း၊ စန္ဒီပရဆေးမှ (ဦးသိန်းမောင်)–ဒေါ်ပါးပါးတို့က ငွေကျပ် ၁၅၀၀၉၀ တို့ကိုပေးအပ်လှူဒါန်းကြရာ ပရိယတ္တိစာသင်တိုက်များကိုယ်စား တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက လက်ခံယူသည်။

လက်ခံရယူ

ဆက်လက်၍ ယုဇနအအေးခန်း မိသားစုနှင့် အလှူရှင်များက ငွေကျပ် ၃၂၀၀၀၀၊ အလုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများက ငွေကျပ် ၁၄၇၀၀၀၊ သမ္မတသက်န်းတိုက်မှ ဦးသန်းနိုင်–ဒေါ်ကြည်ကြည်ဆွေတို့က ငွေကျပ် ၁၂၀၀၀၀၊ ဝင်းရတနာ ခရီးသည်ပို့ဆောင်ရေးမှ ဦးတင်အောင်–ဒေါ်လှလှနွယ်တို့က ငွေကျပ် ၁၀၈၀၀၀၊ Golden Myanmar ငါးစာတောင်စက်ရုံက ငွေကျပ်တစ်သိန်း၊ မြင့်မြတ်စပါးစိုက်ပျိုးရေးလုပ်ငန်းမှ ဦးအောင်မွန်–ဒေါ်လှလှမော်တို့က ငွေကျပ်တစ်သိန်း၊ အလုံမြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များက ငွေကျပ်ကိုးသောင်း၊ ဆန်းမြန်မာခရီးသွားလုပ်ငန်းမှ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန်တို့က ငွေကျပ်ရှစ်သောင်း၊ ထွန်းရွှေဝါဆေးတိုက်မှ ဦးထွန်းရွှေ–ဒေါ်သင်းသင်းဆွေမိသားစုကငွေကျပ်ငါးသောင်း၊ ထက်လင်းဆေးတိုက်မှ ဦးခင်မောင်ထွန်း၊ သားမောင်ထက်လင်းတို့က ငွေကျပ် ငါးသောင်း၊ သမားတော်ကြီးဦးရွှေမြား–ဒေါ်ခင်ယုံ မိသားစုက ငွေကျပ် ငါးသောင်း၊ လမ်းမတော်မှ ဒေါ်လှလှက ငွေကျပ်သုံးသောင်း၊ ရတနာဒီပကုမ္ပဏီမှ ဦးအောင်သီဟတို့က ငွေကျပ်တစ်သောင်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဗိုလ်ချုပ်စိန်ထွားနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့က အသီးသီးလက်ခံယူကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းက တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများမှ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့်ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကွင်းကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ဘဒ္ဒန္တပညာသီရိ ကိုယ်စား ကွင်းကျောင်းစာသင်တိုက်မှ ဘဒ္ဒန္တရာဇိန္ဒက သာဓုအနုမောဒနာ တရားဟောကြားချီးမြှင့်တော်မူသည်။

ထို့နောက် စောရန်ပိုင်အနောက်ရပ်ကွက်ရှိ ယုဝတီဓမ္မစကြာဝတ်အဖွဲ့ဝင်များက အရပ်ဆယ်မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ခြောက်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းကြသော လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၉၇အိတ်၊ ဆီ ၆၉၄ ပိဿာ၊ ပဲ ၁၃၈ပိဿာ၊ အိုင်အိုဒင်း ဆား ၆၉၄ပိဿာ၊ သွားတိုက်ဆား ၁၃၉ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၃၀၁၈ဘူး၊ ဆပ်ပြာ ၁၃၈၈တောင့်နှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၃၀၀၁၀၉၀ ဖြစ်သည်။ **(သတင်းစဉ်)**

အလိုတော်ပြည့် ၁၀ ရက် ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၆ခုနှစ် တော်သလင်းလပြည့်နေ့မှ တော်သလင်းလပြည့်ကျော်၁၀ရက် (စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၈ ရက်)အထိ ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပုဂံ–ညောင်ဦး နယ်စပ်ဒေသ ပြည်တွင်းပြည်ပသာသနာပြု ဘဒ္ဒန္တ အရိယဝံသ အလိုတော်ပြည့်ဆရာတော်ကြီးနှင့် ဆရာတော်ကြီး၏တပည့် သန်လျင်ဆရာတော် ကျိုက်ဒေးယျံအရှင်ဥတ္တရ(ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက) အလိုတော်ပြည့် ကမ္မဋ္ဌာနာစရိယ အရှင်သောဘနတို့က သတိပဋ္ဌာန်အလုပ်ပေး တရားတော်တို့ကို ဟောကြားပြသမည် ဖြစ်သည်။

တရားစခန်းဝင်ရောက်လိုကြသော ယောဂီများအနေဖြင့် စက်တင်ဘာ ၂၈ ရက် ညနေ ၅ နာရီတွင် အလိုတော်ပြည့် ကျောင်းတိုက်သို့လာရောက်ကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းနိုင်ရန် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း–၀၁–၅၄၅၃၃၇၊ ၀၉–၈၀–၃၀၆၆၆နှင့်၀၉–၅၀–၁၄၅၀၀တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း နှိုးဆော်ထားသည်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ် တော်သလင်းလဆန်း ၇ရက် (အဖိတ်နေ့)
၂၀–၉–၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	မင်းကွန်းဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း "ဆဋ္ဌမဆယ်စုနှစ်"(အပိုင်း–၁)
၈:၀၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈:၁၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၂၀	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	ရန်ကုန်တိုင်းအမှတ်(၃)အခြေခံပညာဦးစီးဌာန ပဥ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ(တတိယဆု) (အထက–၁၊မှော်ဘီ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇:၁၅	၆။	အကပဒေသာ
၁၇:၃၀	၇။	၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ဓမ္မပူဇာတေး (ဝါသနာရှင်အဆင့်) (အမျိုးသား)
၁၇:၃၅	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၄၅	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၈:၀၀	၁၀။	မြန်မာစာ၊ မြန်မာစကား
၁၈:၁၀	၁၁။	Discovery.
၁၈:၁၅	၁၂။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"**(အပိုင်း–၂၅)
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	စက်မှုစွမ်းအားခေတ်ကျော်လွှား
၁၉:၃၀	၁၆။	တေးဂီတအစီအစဉ်
၁၉:၄၅	၁၇။	လေးကျွန်းမာရ်အောင်စေတီတော် (သောတာပန်ရပ်၊ စစ်ကိုင်းမြို့နယ်)
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"တစ်ရံရောအခါ"** (အပိုင်း–၂၃)

နဝင်္ဂဥပေါသထ ကိုးပါးသီလတရားတော်မြတ် ဟောကြားတော်မူမည်

ရန်ကုန် စက်တင်ဘာ ၁၉

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရက စက်တင်ဘာ ၂၁ ရက် (အင်္ဂါနေ့)တွင် နဝင်္ဂဥပေါသထ ကိုးပါးသီလ တရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်း အစီအစဉ်များ အပြီးတွင် ဟောကြားတော်မူမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၁)ကြည့်မြင်တိုင် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၉

၁၉၆၂ခုနှစ်မှ ၂၀၀၄ခုနှစ်ပညာသင်နှစ်အတွင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့်ပြီး အငြိမ်းစားဆရာ ဆရာမများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၆ ရက်(တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများ အထက(၁)ကြည့်မြင်တိုင်ရှိ အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

ကျေးရွာစာကြည့်တိုက်များ၏အကျိုးကျေးဇူး

မကွေးတိုင်း ချောက်မြို့နယ်အတွင်းမှာ ကျေးရွာပေါင်း ၂၀၀ ခန့်ရှိလေသည်။ စဥ့်ကူ၊ စလေ၊ ငွေးချိုတို့သည် ကျေးရွာအုပ်စု၊ တိုက်နယ်ကျေးရွာကြီးတွေဖြစ်ကြသည်။ စဥ့်ကူသည် ရှေးအခါက ချောက်မြို့ မစည်ကားမီအထိ ဈေးမြို့၊ ဧရာဝတီဆိပ်ကမ်းမြို့ ဖြစ်ခဲ့သည်။ ရတနာပုံခေတ်အထိ ရှေးမင်းများလက်ထက်က မြို့စာရင်းဝင်ပင်ဖြစ်ပေသည်။ စလေသည်လည်း ရှေး အဆက်ဆက်ကပင် မြို့အဖြစ်တည်ရှိခဲ့သည်။ ရေနံမြေကို စက်တွေနှင့်တူးဖော်ပြီး ရေနံချက်စက်ရုံကြီးတည်ကာမှ ချောက်သည် မြို့ဖြစ်လာသည်။

စဥ့်ကူ၊ စလေ၊ ငွေးချိုတို့လို ထင်ရှားသော ရွာကြီး တစ်ရွာချောက်မြို့နယ်ထဲမှာ ရှိပါသေးသည်။ ချောက်မြို့အရှေ့ဘက်တည့်တည့် ငါးမိုင်အကွာမှာတည်ရှိသော ကြီးနီအမည်ရှိကျေးရွာ၊ အိမ်ခြေ ၃၀၀ ကျော် ယာတစ်ခင်းသာခြားပြီး သွေးနက်ဟူသော ကျေးရွာလည်း ကပ်လျက်ရှိသေးသည်။ ကြီးနီ–သွေးနက်အုပ်စုဟုတွဲပြီးခေါ်ကြသည်။ အိမ်ခြေ ၃၀၀ ကျော်သွေးနက်မှာရှိသည်။

ပညာတတ်လာလျှင် အမြော်အမြင်ရှိလာကြမည်။ အမြင်ကျယ်လာလျှင် အသေးအဖွဲလေးများကို အထအနကောက်ပြီး တောရောက်တောင်ရောက် ပြောဆိုနေကြမည်မဟုတ်။ အချင်းချင်း သွေးကွဲစရာမဟုတ်ကြောင်း သိလာလိမ့်မည်။ ရေရှည်တွင် စည်းလုံးညီညွတ်ရေးအတွက် တစ်နာရီ၊ နာရီဝက် စကားထိုင်ပြော၊ တရားဟောနေရုံဖြင့်မရ။ ဗဟုသုတကြွယ်ဝအောင် လုပ်ပေးရမည်။ ဗဟုသုတကို စာပေက ပေးနိုင်သည်။ စာအုပ်စာပေ စုဝေးရာသည်ကား စာကြည့်တိုက်ပင်ဖြစ်သည်။ စာကြည့်တိုက်ကို ထူထောင်ရမည်။

ကြီးနီကျေးရွာတွင် "ပညာတန်ဆောင်" အမည်ရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို စတင်မျိုးစေ့ချ၍ စိုက်ပျိုးထူထောင်ပေးသူကား ကြီးနီရွာသား ရန်ကုန်မြို့ သဃ်န်းကျွန်းရပ်ကွက် ပြည်သာယာလမ်း အမှတ်(၃) အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်ဒိုး (၁၉၃၄–၁၉၇၂) ဖြစ်ပါသည်။ ဆရာကြီး ဦးကျော်ဒိုးသည် စမ်းချောင်း၊ အလုံ၊ ဒလ၊ ဥက္ကလာပ၊ မလှိုင်မြို့နယ် တမာကုန်းရွာစသည်တို့မှာလည်း အထက်တန်းပြဆရာ၊ အလယ်တန်းကျောင်းအုပ်တာဝန်များ ထမ်းဆောင်ခဲ့ဖူးသည်။ လူချစ်လူခင်များသည်။ ရပ်မိရပ်ဖများက လေးစားအားကိုးကြသည်။ ရပ်ကျိုးရွာကျိုးကို ဆောင်သဖြင့် ရောက်လေရာမှာ ဩဇာရှိသည်။ ဇာတိကျေးရွာအတွက် စာအုပ်များ အလှူခံပြီး ပေးပို့ချိန်၌ ဦးကျော်ဒိုးသည် အသက်၂၉နှစ်အရွယ် ဖြစ်ပါသည်။

ဦးကျော်ဒိုးကို စာသင်ကောင်းသဖြင့် တပည့်တွေက ချစ်ကြကြည်ညိုကြသည်။ သူသင်ပြသော ဘာသာရပ်တွင် ထူးထူးချွန်ချွန် အောင်ချက်ကောင်းသဖြင့် ကျောင်းသားမိဘတွေက လေးစားခဲ့ကြသည်။ ကျောင်းတွင်သင်ကြားရေးသာမက စီမံရေး၊ လူမှုရေး အစစအရာရာတွင် အခြားသောဆရာဆရာမများကို ချစ်ခင်ရင်းနှီးစွာ စည်းရုံးဆွဲဆောင်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်တတ်သဖြင့် မြို့နယ်အဖွဲ့အစည်းတိုင်းက နှစ်သက်အားကိုးကြသည်။

သူက စေတနာရှင် အလှူရှင်တွေဆီက မဂ္ဂဇင်းဟောင်း၊ စာအုပ်ဟောင်းတွေကို အလှူခံစုစည်းပြီး ထင်းရှူးသေတ္တာကြီးတွေထဲထည့်ပိတ်ကာ ရန်ကုန်မှ ကြီးနီသို့ ရထားအကြို၊ ကားအကြိုဖြင့် ပို့ပို့ပေး၊ ကျွန်တော်တို့ အထက်တန်းကျောင်းသားအရွယ် ကျေးရွာလူငယ်တွေက ဘူတာ၊ ကားဆိပ်စသည်တို့မှာ သွားရောက်ရွေးယူ၊ ထမ်းသယ်လာကြ။ စာကြည့်တိုက်ဟု ဆိုင်းဘုတ်ချိတ်ပြီး စုဝေးထားသော မူလတန်းကျောင်းအုပ်ဆရာကြီး ဦးရွှေတင်အိမ်အောက်ထပ်မှာ သေတ္တာတွေဖောက်၊ စာအုပ်စာရင်းကောက်၊ တူရာတူရာမျိုးတူစုခွဲ၊ စာအုပ်ဗီရိုတွေထဲထည့်။ တစ်ခါရောက်လျှင် ထင်းရှူးသေတ္တာလေးလုံး ငါးလုံးမှသည် ရှစ်လုံးကိုးလုံးအထိ ရှိတတ်သည်။ စာအုပ်အသစ်တွေလည်း ပါတတ်သည်။ ပုဂံစာအုပ်တိုက်မှ စာရေးဆရာမင်းကျော်က ဦးကျော်ဒိုးကို သူငယ်ချင်းအနေဖြင့် လက်ဆောင်ပေးသော စာအုပ်တွေလည်းပါသည်။

ဦးကျော်ဒိုးသည် ချစ်မွေးပါသူဖြစ်၏။ သူ့ကိုငယ်စဥ်အခါကပင် လူကြီးတွေကချစ်ကြသည်။ မောင်ကျော်ဒိုး၊ ကိုကျော်ဒိုးဟူ၍ မည်သူကမှ မခေါ်ကြ။ ချစ်စနိုးဖြင့် ဖိုးကျော်ဟု အားလုံးကခေါ်ခဲ့ကြ၏။ ကြီးနီတစ်ရွာလုံးက ဖိုးကျော်ဟုသာ ခေါ်ကြသည်။ ငယ်ရွယ်သူများက ဦးဖိုးကျော်ဟု ခေါ်လေသည်။

ချစ်နိုင် (စိတ်ပညာ)

လူကြီးလူငယ်အားလုံးက အစ်ကိုကြီးဖိုးကျော်ကို ချစ်ကြသကဲ့သို့ သူကလည်း ရွာကိုအထူးချစ်ခင်ကြောင်း အခိုင်အမာသက်သေပြခဲ့၏။ ပညာတန်ဆောင် စာကြည့်တိုက်ကို ကျွန်တော်တို့လူငယ်များ ၁၉၆၂ခုနှစ်ဆီလောက်မှာ စတင်ထူထောင်ဖြစ်အောင် အစဦးဆုံးသွန်သင်ပြသခဲ့သည်။ "နေရာမရှိဘူး အစ်ကိုကြီး"၊ "ဦးလေးဦးရွှေတင်အိမ်က ရွာလယ်လမ်းမပေါ်မှာ ရွာလယ်ကျတယ်ကွ။ ငါပြောပေးမယ်။ မင်းတို့က အောင်မြင်အောင်သာလုပ်။ စာအုပ်စာပေဆိုတာ လူတကာလက်လှမ်းမီတဲ့နေရာမှာရှိမှ ဖတ်ဖြစ်တယ်။ ရွာအနောက်တောင်ထောင့်၊ ရွာအရှေ့မြောက်ထောင့် သွားဖွင့်ရင် လူလာနည်းမယ်။ ရွာလယ်မှာဖွင့်ကြပါ"ဟုဆိုပြီး သူကစည်းရုံးစီမံပေးပါသည်။

"ပိုက်ဆံမရှိဘူးအစ်ကိုကြီး"

"ငွေအများကြီးမလိုပါဘူးကွာ။ စာရင်းစာအုပ်၊ မှတ်တမ်းစာအုပ်လုပ်ဖို့ ဝယ်စရာကလွဲရင် တခြားသုံးစရာသိပ်မရှိပါဘူး။ စာအုပ်တွေရဖို့ရာ ကိုယ့်တာဝန်ထားပါ။ အစ်ကိုကြီးပို့ပေးပါ့မယ်"

"စာကြည့်တိုက်ပညာလဲ ဘယ်သူမှမတတ်ဘူးဗျ"

"လုပ်ရင်းနဲ့ တတ်သွားပါလိမ့်မယ်။ ငါ့ညီတို့မှာ လုပ်ချင်တဲ့ စိတ်ဆန္ဒထက်သန်ကြဖို့နဲ့၊ အောင်မြင်အောင်လုပ်မယ်ဆိုတဲ့ ခံယူချက်ပဲရှိဖို့ လိုတယ်။ အစ်ကိုကြီးပို့တဲ့ စာအုပ်တွေထဲမှာ စာကြည့်တိုက်စီမံခန့်ခွဲနည်းတွေလဲ ပါလာပါလိမ့်မယ်။ စာတွေ့လဲလေ့လာ၊ လက်တွေ့လဲ ဆည်းပူးပေါ့လေ။ မခက်ခဲပါဘူးကွယ်။ တဖြည်းဖြည်းနဲ့ တိုးတက်သွားပါလိမ့်မယ်။ နည်းနည်းပါးပါးမှားရင်လဲ ပြန်ပြုပြင်ရုံပေါ့"ဟု အားပေးတတ်ပါသည်။

ထိုအချိန်က ကျွန်တော်တို့သည် စာကြည့်တိုက်တစ်ခုဖြစ်ဖို့ရာ ဘီငါးလုံး အခြေခံသဘောကို မသိကြသေးပါ။ B ငါးလုံးမှာ–

(၁)	Books	= စာအုပ်များ
(၂)	Building	= အဆောက်အအုံ၊ စာကြည့်တိုက်
(၃)	Budget	= ရေခ၊ မီးခ၊ သန့်ရှင်းခ၊ ထိန်းသိမ်းခအတွက် ရန်ပုံငွေ
(၄)	Brain	= ထိန်းသိမ်းသူ၊ ကြီးကြပ်သူ၊ စာကြည့်တိုက်ပညာ သိကျွမ်းသူ
(၅)	Borrowers	= စာဖတ်သူ၊ စာအုပ်ငှားသူ ပြည်သူလူထု

မှုကွဲအနေဖြင့် အချို့သော စာကြည့်တိုက်ပညာရှင်တို့က အမ်လေးလုံး ရှိရမည်ဟုရေးသားသည်ကိုလည်း တွေ့ရဖူးပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်ကမူ ကျွန်တော်တို့သည် ဘာဘီ၊ ဘာအမ်မှ မကြားဖူးခဲ့ကြပေ။ M လေးလုံးမှာ–

(၁)	Management	= စီမံခန့်ခွဲမှု၊ စနစ်ကျမှု
(၂)	Money	= ငွေကြေး
(၃)	Man Power	= လူအား၊အကြံဉာဏ်နှင့်လုပ်အား
(၄)	Maintenance	= ထိန်းသိမ်းစောင့်ရှောက်မှု

ထိုကဲ့သို့ ဗဟုသုတအသိပညာနည်းပါးစွာဖြင့် ကိုယ့်အားကိုယ်ကိုး ထူထောင်ခဲ့ကြသဖြင့်လည်း စာအုပ်တွေပျောက်သွားလိုက်၊ စာရင်းပြန်ကောက်လိုက်။ ငှားသွားသူတွေဆီကို တောင်းတောင်းပန်ပန်ပြန်တောင်းလိုက်။ စာအုပ်တွေစုတ်ပြဲပြန်လာလိုက်၊ ကပ်ကြ၊ ချုပ်ကြ၊ ပြုပြင်ကြနှင့် ကျေးရွာစာကြည့်တိုက်သည် နေရာလည်းသုံးလေးနေရာပြောင်းခဲ့ပြီ။ ဗီရိုမှန်တွေကွဲ၊ စာအုပ်ပုံခြတက်၊ ဖုန်တက်၊ ဆက်လက်ထိန်းသိမ်းမည့်သူအဆက်ပြတ်၊ စာကြည့်တိုက်ဆိုင်းဘုတ် တောင်ဘယ်ရောက်မှန်းမသိ။ ကာလတစ်ခုရပ်ဆိုင်းသွားခဲ့ရသေး၏။

အဆိုပါ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သည် အစ်ကိုကြီးဖိုးကျော် ကွယ်လွန်သွားပြီးသည့်နောက်မှာ ကျွန်တော်တို့ပြန်လည်မပျိုးထောင်မီအတွင်း ပျောက်ပျက်သလောက်ဖြစ်သွားခဲ့သေးသည်။ ယခုတော့ စာအုပ်ပေါင်း ၃၀၀၀ ကျော်၊ ဗီရို လေးငါးလုံးနှင့် စာဖတ်သူ၊ စာအုပ်ငှားသူများနေ့စဥ် ၅၀၊ ၁၀၀ အကြား စည်ကားနေပြီဟု ကြားသိရသည်။ အားရစရာကောင်းပါသည်။ ကျေးရွာစာကြည့်တိုက်က ဘာများအကျိုးကြီးမားအောင် ပြုပေးခဲ့သနည်းဟုမေးလျှင် မရေမတွက်နိုင်အောင် ကောင်းကျိုးတွေပေးခဲ့ပေသည်ဟု ဖြေရပါလိမ့်မည်။ ကျွန်တော်တို့အရင်က ၁၉၅၂–၅၄ ကာလ၌ ကြီးနီရွာသား ဦးကြီးမြင့်၊ ဦးလှကြည်၊ ဦးသာမွေး၊ ဦးတင်ခိုင်၊ ဦးတင်အောင်၊ ဦးအောင်ကြီးညွန့်၊ ဦးကြည်မောင်၊ ဦးကျော်ဒိုးတို့ ရှစ်ဦးသာ တက္ကသိုလ်ဘွဲ့ရရှိခဲ့ကြသည်။ သူတို့မှာ တောင်သူယာသမား၏ သားသမီးပီပီ ချို့ချို့တဲ့တဲ့ဖြင့် ပညာကြိုးစားခဲ့ကြရသည်။ ဘုန်းကြီးကျောင်းမှာ ကပ်နေခဲ့ရသည်လည်း ရှိခဲ့သည်။ ထိုစဥ်က ရန်ကုန်နှင့် မန္တလေး၌သာ တက္ကသိုလ်ရှိသည်။

ပညာတန်ဆောင်စာကြည့်တိုက်လေး မိမိတို့ကျေးရွာမှာ ဖွင့်ပြီးနောက်ပိုင်းတွင်မူ ရှေ့ကလူတွေလို ဘီအေ၊ ဘီအက်စ်စီ၊ ဘီအီးဒီအောင်ပြီး ကျောင်းဆရာလုပ်မည်ဟု တစ်ကြောင်းတည်းမရည်မှန်းကြတော့။ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်စသည်တို့ကို ရောက်အောင်ရည်မှန်းပြီး ကြိုးစားသင့်သည်ဟု သိမြင်နားလည်လာကြပြီ။ စာကြည့်တိုက်မှ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတွေက ဗဟုသုတ ကျယ်ပြန့်စေပြီး ရွေးချယ်ခွင့်နှင့် မျှော်မှန်းချက်ကို မီးမောင်းထိုးပြခဲ့ပြီ။ ဤသို့ဖြင့် ဆရာဝန်၊ အင်ဂျင်နီယာ၊ စိုက်ပျိုးရေးပညာရှင်၊ စက်မှုလုပ်ငန်းရှင်၊ တပ်မတော်အရာရှိ၊ ရဲအရာရှိစသည်ဖြင့် မိမိတို့ အသက်မွေးဝမ်းကျောင်းလမ်းကြောင်းတွေ စတင်ဖြာထွက်သွားကြလေသည်။

စာကြည့်တိုက်ရှိသဖြင့် ရွာထဲမှာ အရက်ဆိုင်မရှိ၊ ဖဲဝိုင်းမရှိ၊ ကြက်ဝိုင်း ကက်ဝိုင်းမရှိ၊ အမှုအခင်းမရှိ။ ကျေးရွာဖွံ့ဖြိုးတိုးတက်သာယာပုံကို ဟင်္သာတမြို့နယ် ပဲကြီးကျွန်းကျေးရွာ၌ ကိုယ်တွေ့လေ့လာထိတွေ့ခဲ့ဖူး၏။ ဟင်္သာတမြို့နယ် ထူးကြီးမြို့သည် လွန်ခဲ့သော ၇၅နှစ်ကပင် "ကြီးပွားရေးစာကြည့်တိုက်"ဟူသော ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် ဖွင့်လာခဲ့သဖြင့် ပညာတတ်လူချွန်လူမွန်တွေ များစွာထွက်ပေါ်ခဲ့ကြောင်း တွေ့ရသည်။

ငယ်စဥ်က ဆိုးမိုက်ပေတေခဲ့ရာမှ ထောင်သုံးခါကျ၊ ထောင်ထဲတွင် စာကြည့်တိုက်အစောင့်လုပ်ရင်း စာအုပ်တွေဖတ်မိရာမှ အသိအလိမ္မာရကာ ဘဝကို အမည်းရောင်မှ အဖြူရောင်သို့ လုံးလုံးလျားလျားပြောင်းလဲနိုင်ခဲ့သည့် သိန်းတစ်ရာ ဆေးပေါင်းရုံပိုင်ရှင် ပခုက္ကူဦးအုံးဖေသည်လည်း အလွန်ထင်ရှားသော သက်ရှိသာဓကေဖြစ်ပါ၏။ သူက စာကြည့်တိုက်၏ ကြီးမားဆန်းကြယ်သော ကောင်းကျိုးများကို ကိုယ်တွေ့နားလည်ခဲ့သဖြင့် တိုက်နယ်သူကြီးလုပ်ခဲ့ဖူးသော ထနောင်းကုန်းရွာ၌ **"အသိပညာ စာကြည့်တိုက်"**နှင့် သူမွေးဖွားခဲ့သော ရှားတောရွာ၌ **"ဗဟုသုတစာကြည့်တိုက်"**ဟူ၍ ငွေကျပ်သိန်း ၃၀၊ ၄၀ စီမတည်စိုက်ထုတ်၍ တည်ထောင်ပေးထားပါသည်။ နောင်လာနောက်သားတို့ ပညာအလင်းရောင်ရဖို့ ထွန်းညှိစိုက်ထူပေးခြင်းပင်။

ယခုအခါ တစ်နိုင်ငံလုံးတွင် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်ပေါင်း ၈၁၀၀ ကျော် တည်ထောင်ဖွင့်လှစ်ပြီးကြပြီဟု သတင်းရသည်။ တိုက်နယ်၊ ကျေးရွာအုပ်စုပေါင်း တစ်သောင်းခွဲနီးပါးရှိရကား ထက်ဝက်ကျော်မျှ ဖွင့်နိုင်ကြပြီဆိုရမည်။ အားရစဖွယ်တိုးတက်မှု အရိုန်အဟုန် ဖြစ်ပေသည်။ စာပေနှင့်ထိတွေ့ရတော့ မျက်စိပွင့်ကြပြီ၊ မျက်စိပွင့်မှ ဗဟုသုတကို ပိုမိုလိုလားသည်။ ဗဟုသုတရှာချင်မှ စာပိုဖတ်လာမည်။ စာဖတ်သောလူသည် မည်သူ၏လိမ်ညာ လှည့်စားမှုကိုမှ မခံရနိုင်ပေ။ ကိုယ်တိုင်ဝေခွဲစဥ်းစားနိုင်ကြသည်။

ကျေးရွာတိုင်းမှာ စာကြည့်တိုက်ဟူသော ပညာပဒေသာဥာနများ ကျေးရွာလူကြီးလူငယ်တို့၏ ကိုယ်တိုင်ထက်သန်ကြိုးပမ်းမှုဖြင့် တိုးတက်အောင်မြင်ကြပါစေဟု ဆန္ဒပြုပါသည်။ ကျွန်တော်တို့မွေးဇာတိ ကြီးနီကျေးရွာကား ချောက်မြို့နယ်တစ်လွှားတွင် ပညာတတ်အများဆုံးပေါ်ထွက်သည်ဟု နာမည်ရပါသည်။ ကျေးရွာစာကြည့်တိုက်၏ ကျေးဇူးဖြစ်ပါသည်။ စတင်ပျိုးထောင်ပေးခဲ့သူ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဒိုး(၁၉၃၄–၁၉၇၂)၏ကျေးဇူးတရားဖြစ်လေသည်။ ။

ယခုအခါ တစ်နိုင်ငံလုံးတွင် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်ပေါင်း ၈၆၅၀ ကျော် တည်ထောင်ဖွင့်လှစ်ပြီးကြပြီဟု သတင်းရသည်။ တိုက်နယ်၊ ကျေးရွာအုပ်စုပေါင်း တစ်သောင်းခွဲနီးပါးရှိရကား ထက်ဝက်ကျော်မျှ ဖွင့်နိုင်ကြပြီဆိုရမည်။ အားရစဖွယ် တိုးတက်မှု အရှိန်အဟုန် ဖြစ်ပေသည်။ စာပေနှင့်ထိတွေ့ရတော့ မျက်စိပွင့်ကြပြီ၊ မျက်စိပွင့်မှ ဗဟုသုတကို ပိုမိုလိုလားသည်။ ဗဟုသုတရှာချင်မှ စာပိုဖတ်လာမည်။ စာဖတ်သောလူသည် မည်သူ၏လိမ်ညာ လှည့်စားမှုကိုမှ မခံရနိုင်ပေ။ ကိုယ်တိုင်ဝေခွဲ စဥ်းစားနိုင်ကြသည်။

စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲကို အောက်ပါအစီအစဥ်အတိုင်း ကျင်းပမည်–

နေ့ရက် – ၂၂–၉–၂၀၀၄ (ဗုဒ္ဓဟူးနေ့)
အချိန် – ညနေ ၄ နာရီ ၃၀မိနစ်
နေရာ – ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ

စာပေဒါနပြုလိုကြသော စေတနာရှင်၊ အလှူရှင်များ အချိန်မီတက်ရောက်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂–၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၃၇၁၃၃၉၊ ၃၇၉၇၆၉၊ ၃၇၉၇၇၁

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် အခြေခံစက်မှုလုပ်ငန်းများစစ်ဆေး နည်းပညာအသုံးပြုတန်ဖိုးမြင့်ပစ္စည်းများ ပိုမိုထုတ်လုပ်ရေးမှာကြား

ရန်ကုန် စက်တင်ဘာ ၁၉

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံတည်ဆောက်ရေးလုပ်ငန်း၊ ကန်တော်ကြီးဥယျာဉ် Central Forest Zone ၌ သစ်တောရေးရာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ရွှေပြည်သာစက်မှုဇုန်ရှိ သစ်အခြေခံ စက်မှုလုပ်ငန်းများကို သွားရောက်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် နံနက်ပိုင်းတွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာပြီးစီးရေး ရှင်းလင်းမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကန်တော်ကြီးဥယျာဉ် Central Forest Zone သို့ ရောက်ရှိပြီး ရှားပါးသစ်ပင်များ ထပ်မံဖြည့်တင်းစိုက်ပျိုးပြီးစီးမှုနှင့် ရှင်သန်မှုအခြေအနေများကိုလည်းကောင်း၊ Water Plaza တစ်ဝိုက် မြေခင်းပြုပြင်ထားရှိမှုနှင့် Fountain Plaza ကို လည်းကောင်း၊ သစ်တောပြခန်းရှိ ပြကွက်များကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ရှားပါးသစ်ပင်များ အပင်အရေအတွက်ပြည့်မီအောင်စိုက်ပျိုးရေး၊ စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်ရေး၊ မြေခင်းအလှထိန်းသိမ်းရေး၊ ပြခန်းများကို စိတ်ဝင်စားဖွယ် ဖြည့်တင်းပြသရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားပြီး ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် သစ်အခြေခံ စက်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကုန်ချောပစ္စည်း အရည်အသွေးတိုးတက်မှုရှိရေး၊ ပြည်ပဈေးကွက်တွင် End User ရရှိရေး နည်းလမ်းများ ရှာကြံဆောင်ရွက်သွားရေး၊ နည်းပညာ၊ စက်ကိရိယာများအသုံးပြု၍ တန်ဖိုးမြင့်ပစ္စည်းများ ပိုမိုထုတ်လုပ်သွားနိုင်ရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အကျိုးနှင့် မိမိအကျိုးစီးပွား မျှမျှတတရှိရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းမှာကြားခဲ့ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျွန်းလှမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် စက်တင်ဘာ ၁၉

ကျွန်းလှမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို စက်တင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အလုံမြို့နယ် ဆဒ္ဒန်လမ်း အောင်စေတီကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသက် ၇၅နှစ်နှင့်အထက် အသင်းဝင်သက်ကြီးများအား ပူဇော်ပွဲနှင့် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဂုဏ်ထူးရှင်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ရန်အတွက် စက်တင်ဘာ ၂၄ရက် နောက်ဆုံးထား၍ ဦးရွှေကျော် ဖုန်း–၆၄၃၉၆၄၊ ဦးသိန်းထွန်း ဖုန်း–၅၇၉၈၄၃၊ ဦးဇော်ညွန့် ဖုန်း–၈၃၇၆၉၀နှင့် ဦးညိုစိန် ဖုန်း–၆၉၉၇၀၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

✻ ကျောဖုံးမှ

တာဝန်ယူတည်ဆောက်လျက်ရှိသည့် Relaxation Zone ကို လည်းကောင်း၊ ဇုန်(၂)အဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Education Zone ကို လည်းကောင်း၊ ဇုန်(၃)အဖြစ် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ တာဝန်ယူတည်ဆောက်သည့် Central Forest Zone ကို လည်းကောင်း၊ ဇုန်(၄)အဖြစ် ဇေကမ္ဘာကုမ္ပဏီက တာဝန်ယူတည်ဆောက်သည့် Recreation Zone ကိုတာဝန်ယူ၍ အဆင့်မြင့်မြို့တော်အင်္ဂါရပ်နှင့်အညီ တည်ဆောက်လျက်ရှိပေသည်။

Recreation Zone ၏ အကျယ်အဝန်းမှာ ရေပြင်နှင့် မြေပြင်စုစုပေါင်း ၅၆ ဧက ရှိသည်။ ကရဝိက်နန်းတော်ပါဝင်သော အပိုင်းဖြစ်ပြီး အပန်းဖြေသူများအတွက် အထူးအစီအစဉ်များပါဝင်သည့် ဇုန်ဖြစ်သည်။ Recreation Zone ကို Viewing Plaza တည်ဆောက်ခြင်း၊ Children's Garden တည်ဆောက်ခြင်း၊ Flower Garden တည်ဆောက်ခြင်း စသည်ဖြင့် အပိုင်းလေးပိုင်းခွဲခြား၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အပိုင်း(၁)တွင် ကန်တော်ကြီးဈေး၊ အပိုင်း(၂)တွင် မိသားစုအလိုက် ပျော်ပျော်ပါးပါး စားသောက်နိုင်မည့် စားသောက်ဥယျာဉ် (Berbecue Garden)၊ အပိုင်း(၃)တွင် ကလေးများအတွက် ပျော်ရွှင်ဖွယ်ရာအစီအစဉ်များပါဝင်သည့် Children Adventure Garden၊ အပိုင်း(၄)တွင် စင်တင်တေးဂီတနှင့် ဆိုင်ခန်းများပါဝင်သည့် Sky Pier တို့ဖြစ်သည်။

ကန်တော်ကြီးဥယျာဉ်သို့ အပန်းဖြေ လာရောက်ကြသူများ အထူးစိတ်နှလုံးချမ်းမြေ့မှုနှင့် အထူးစိမ်းလန်းစိုပြည်သာယာလှပသော ကန်တော်ကြီးဥယျာဉ်ကြီးအဖြစ် မကြာမီ တွေ့မြင်ခံစားနိုင်တော့မည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ အကြား သတင်းပြန်ကြားရေး ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လေ့လာရေးခရီး အစီအစဉ်အရ ရန်ကုန်မြို့၌ ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ The Kyung Hyang Daily News မှ Journalist, Mr. Kim Jin Ho ခေါင်းဆောင်သော အဖွဲ့ဝင်များ ပဲခူးမြို့ရှိ ဘုရင့်နောင် မင်းတရားကြီး၏ ကမ္ဘောဇသာဒီ နန်းတော်ရာအတွင်း ကြည့်ရှုလေ့လာ ကြစဉ်။ (သတင်းစဉ်)

အဆင့်မြင့်တန်းပွဲလယ်ယာထွက်ကုန်ခြေစွမ်းပြအနိုင်ရ စွမ်းအင်အသင်း ပတ္တမြားနဂါးကို သုံးဂိုးပြတ်နိုင်

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ လယ်ယာထွက်ကုန်အသင်းက မလိခအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယခုနှစ် ဘောလုံးရာသီမှ အဆင့်မြင့်တန်းသို့ တက်ရောက်လာသော လယ်ယာထွက်ကုန်အသင်းက မလိခအသင်းကို ခြေစွမ်းပြကစားပြီး အနိုင်ရရှိသွားခြင်းဖြစ်သည်။ လယ်ယာထွက်ကုန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် မိနစ်၅၀တွင် ဇော်ဇော်အောင်က သွင်းယူပေးသည်။

စွမ်းအင်အနိုင်ရ

အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားသော ပွဲစဉ်တွင် စွမ်းအင်အသင်းက ပတ္တမြားနဂါးအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

စက်တင်ဘာ ၂၀ရက် **(ယနေ့)** ညနေ ၄နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ စီးပွား/ကူးသန်းအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် တံခွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ကိုရီးယားသမ္မတနိုင်ငံ သတင်းပြန်ကြားရေးဆိုင်ရာကိုယ်စားလှယ်အဖွဲ့ ပဲခူးမြို့တန်ခိုးကြီးဘုရားများနှင့်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များလေ့လာ

ရန်ကုန် စက်တင်ဘာ ၁၉

အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ အကြား သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် လေ့လာရေးအစီအစဉ်အရ ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ The Kyung Hyang Daily News မှ Journalist, Mr. Kim Jin Ho ခေါင်းဆောင်သည့် သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ သံမှူး Mr. Park Joon-yong နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ပဲခူးတိုင်း ပဲခူးမြို့ရှိ တန်ခိုးကြီးဘုရားများနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ဖူးမြော်ကြည်ညို လေ့လာရန် ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြရာ ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်သို့ နံနက် ၉နာရီတွင် ရောက်ရှိကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံမှ သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ရှေးဟောင်း သုတေသနပြတိုက်သို့ ရောက်ရှိကြရာ ရှေးဟောင်းသုတေသန ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်ထေနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီ နန်းတော်ရာ အကြောင်း သိကောင်းစရာများကို ပန်းချီ၊ မြေပုံကားချပ်များဖြင့် ရှင်းလင်းပြောကြား၍ မေးမြန်းချက်များကို ဖြေကြားကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရှေးဟောင်းသုတေသနပြတိုက်၊ ဘမရာသနပလ္လင်တော်ဆောင်နှင့်ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီ နန်းတော်ရာတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေမော်ဓောစေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်အား ပန်း၊ အမွှေးနံ့သာတို့ဖြင့် ပူဇော်ကန်တော့၍ လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် သတင်းပြန်ကြားရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရန်ကုန်မြို့သို့ ညနေ ၃နာရီတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်အဖွဲ့မှ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ကျန်းမာရေးပညာပေးဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ရက်က သာကေတမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပရာ အမျိုးသမီးဆရာဝန်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်အုန်းလှိုင် အမှာစကားပြောကြားစဉ်။ (က–ပ)

နေရာအနှံ့ အပြားမိုးရွာနိုင်

ရန်ကုန် စက်တင်ဘာ ၁၉

ယနေ့နံနက် ၉နာရီခွဲအထိ တိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်လျက်ရှိသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။

စက်တင်ဘာလ ၂၀ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

အာရှလူငယ်တင်းနစ်ပြိုင်ပွဲပါဝင်ဆင်နွှဲရန် မြန်မာတင်းနစ်အားကစားအဖွဲ့ မနီလာမြို့သို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၉

စက်တင်ဘာ ၂၁ရက်မှ ၂၅ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့နှင့် အောက်တိုဘာ ၁၉ရက်မှ ၂၃ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တို့၌ ကျင်းပမည့် အသက်(၁၄)နှစ်အောက် အာရှလူငယ်တင်းနစ်ပြိုင်ပွဲ (Asian 14˚&˚Under)ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ ရွေးချယ်ထားသော အုပ်ချုပ်/နည်းပြ ဦးမောင်မောင်လေး၊ အားကစားသမားများဖြစ်ကြသော ဖြိုးမင်းသာ၊ အောင်ကျော်နိုင်၊ ဇင်ဘို၊ မိုးချစ်သဲနှင့် ခိုင်ငြိမ်းသာတို့သည် ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။ **(အပေါ်ပုံ)**

ကူညီပံ့ပိုးဆောင်ရွက်

မြန်မာတင်းနစ်အားကစားအဖွဲ့အား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြပြီး အဆိုပါပြိုင်ပွဲခရီးစဉ်အတွက် MAI လေကြောင်းက အသွားအပြန်လေယာဉ်ခရီးစဉ်ကို ကူညီပံ့ပိုးကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံအကျိုး ပို့ကုန်တိုး ဗီဒီယို ဇာတ်လမ်းနှင့်စပ်လျဉ်း၍ရှင်းလင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာလုပ်ငန်း ကော်မတီက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်း (International Trade Course)နှင့် ပို့ကုန် သွင်းကုန်ဆိုင်ရာသင်တန်း ဖွင့်လှစ်ပို့ချရာတွင် အထောက်အကူပြုနိုင်ရေးအတွက် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ပညာပေးဗီဒီယိုဇာတ်လမ်းဖြစ်သည့် နိုင်ငံအကျိုး ပို့ကုန်တိုး ဗီဒီယိုဇာတ်လမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်မင်္ဂလာခန်းမ၌ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကား ပြောကြားသည်။

ပြန်လည်ဖြေကြား

ထို့နောက် အသင်းချုပ်အထွေထွေ အတွင်းရေးမှူး ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က သင်တန်းအထောက်အကူပြုရန်နှင့် ပုဂ္ဂလိကကဏ္ဍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် နိုင်ငံအကျိုး ပို့ကုန်တိုး ပညာပေးဗီဒီယိုဇာတ်လမ်းရိုက်ကူးရန် စီစဉ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားကြသည်။

ပါဝင်

နိုင်ငံအကျိုး ပို့ကုန်တိုး ဗီဒီယိုဇာတ်လမ်းကို ဆုဩချယ်က ဇာတ်ညွှန်းရေး၍ ဒါရိုက်တာမီးပွားက စီစဉ်ရိုက်ကူးပြီး သရုပ်ဆောင် မင်းဦး၊ မျိုးစန္ဒီကျော်၊ သက်မွန်မြင့်၊ ဆောင်းအိမ်ခြွေထွန်းနှင့် သရုပ်ဆောင်များ၊ UMFCCI Training Centre မှ သင်တန်းသား သင်တန်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ်ဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

အင်းစိန်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီနှင့်အင်းစိန်မြို့နယ် ဘောလုံးဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ၂၀၀၄ခုနှစ် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း အမျိုးသား(အကြီးတန်း)ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂နာရီက အင်းစိန်မြို့နယ် မီးရထားအားကစားကွင်း၌ စတင်ကျင်းပသည်။

ပထမပွဲစဉ်အဖြစ် အုပ်စု(က)မှ ကမ်နား(အနောက်)ရပ်ကွက်အသင်းနှင့် ပိန္နဲကုန်းရပ်ကွက်အသင်းတို့ယှဉ်ပြိုင်ကစားရာ ပိန္နဲကုန်းရပ်ကွက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။ ဒုတိယပွဲစဉ်အဖြစ် အုပ်စု(က)မှဈေးကုန်း(အရှေ့)ရပ်ကွက်အသင်းနှင့် အောင်ဆန်းရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားရာ အောင်ဆန်းရပ်ကွက်အသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲတွင် ၁၉သင်းပါဝင်ပြီး အုပ်စုငါးစုခွဲ၍ အုပ်စုပတ်လည်ပွဲစဉ်များကို အောက်တိုဘာ ၁၀ရက်အထိ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

(မြန်မာ့အလင်း)

ဝံသာနုသတင်းလွှာအတွဲ(၁၃)၊အမှတ်(၁၉)ထုတ်ဝေ



ရန်ကုန် စက်တင်ဘာ ၁၉

အမိုက်ကင်းမဲ့ဇုန်ဖြစ်လာတော့မည့် မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှု အမွေခံ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မျက်နှာဖုံးဖြင့် ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊အမှတ်(၁၉)ကို ထုတ်ဝေထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဝံသာနုသတင်းလွှာတွင် သပိတ်ကျင်းမြို့နယ် ချောင်းဆုံဆင်စခန်းရောက် ကမ္ဘာလှည့်ခရီးသည်များ၊ ဆင်ဖမ်းပွဲနှင့် ရမ်းကားသောတောဆင်ရိုင်းများ၊ လေယာဉ်မယ်ကိုကိုယ်ထိလက်ရောက်စော်ကားသော နိုင်ငံခြားသားနှစ်ဦး၊ လေဆိပ်ကိုဖြတ်သန်းလာသော အကောက်ခွန်မဲ့ပစ္စည်းများ၊ မြန်မာ့ဆေးပညာရှင်တို့၏ ပေါင်းစည်းကြိုးပမ်းမှုရလဒ်၊ ကျောက်ဖြစ်ရုပ်ကြွင်းများ လှူဒါန်းပွဲကျင်းပ၊ တွံတေးတူးမြောင်းအတွင်း သင်္ဘောနစ်စင်းခေါင်းချင်းဆိုင်တိုက်၊ ကွက်လပ်ကလေးဖြည့်ပေးတာပါ(ဆောင်းပါး)စသော ပြည်တွင်းသတင်းများနှင့် ဂျော့ဒဗလျူဘုရှ်အပေါ် ထိုးနှက်ဝေဖန်လာသော နယူးယောက်ပြည်သူများ၊ ဗြိတိန်၌ သူလျှိုအေဂျင်စီထူထောင်၊ မက္ကဆီကိုမှုးယစ်ဘုရင်အား ဖော်ထုတ်ဖမ်းဆီးမိ၊ အမေရိကန်လုံခြုံရေးအဖွဲ့အစည်းများ သဘောထားကွဲလွဲ၊ အီရတ်မြေပေါ်မှ အတောမသတ်နိုင်သည့် အနိဋ္ဌာရုံပုံရိပ်များ၊ တော်ဝင်မိဖုရား၏ စည်းရုံးရေးအပါအဝင် ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး သတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ်၄၁ ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။

(က-ပ)

ဧရာဝတီမြစ်ရေ အောင်လံမြို့၌စိုးရိမ်ရေမှတ်အောက်ရောက်နိုင်

ရန်ကုန် စက်တင်ဘာ ၁၉

ဧရာဝတီမြစ်ရေသည် ယနေ့နံနက်၆နာရီခွဲအချိန်တိုင်းထွာချက်အရ အောင်လံမြို့တွင် ၅စင်တီမီတာ စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါမြစ်ရေသည် စင်တီမီတာ၅၀(တစ်ပေခွဲ)ခန့် မြင့်တက်လာနိုင် သော်လည်း ယနေ့နံနက်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

မလေးရှားဘုရင့်ဖလားနှင့် ကမ္ဘာ့ပိုက်ကျော်ခြင်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့ မလေးရှားသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအားကစားအဖွဲ့သည် မလေးရှားနိုင်ငံ ပီနန်ကျွန်းတွင် စက်တင်ဘာ၂၇ရက်မှ အောက်တိုဘာ ၁ရက်အထိ ကျင်းပမည့် မလေးရှားဘုရင့်ဖလား(Malaysia AGUNG Cup)နှင့် ကမ္ဘာ့ပိုက်ကျော်ခြင်းပြိုင်ပွဲ (အမျိုးသား) (W.S.C Cup)သို့ သွားရောက်ယှဉ်ပြိုင်ရန်အတွက် ယနေ့ညနေ ၄နာရီခွဲတွင် မြန်မာ့လေကြောင်းဖြင့် မလေးရှားနိုင်ငံ ပီနန်ကျွန်းသို့ ထွက်ခွာသွားကြသည်။

ကမ္ဘာ့ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်ဖြစ်သည်နှင့်အညီ အသင်းအင်အားအများဆုံးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်မည့်နိုင်ငံများတွင် ဘရာဇီး၊ အီရန်၊ ဂျာမနီ၊ ပါကစ္စတန်၊ ဘရူနိုင်း၊ ထိုင်း၊ ဗီယက်နမ်၊ ဂျပန်၊ ကာဇက်စတန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှား၊ ဩစတြေးလျနှင့် မြန်မာနိုင်ငံ ၁၅နိုင်ငံပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အဆင့်မြင့်ပြိုင်ပွဲကြီးဖြစ်ကြောင်း သိရှိရသည်။ ယင်းပြိုင်ပွဲတွင် အမျိုးသား အဖွဲ့လိုက်ပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး အသင်းလိုက် ပြိုင်ပွဲတွင် နှစ်ယောက်တွဲအဖွဲ့ငယ်၊ (၂၁) နှစ်အောက် သုံးယောက်တွဲအဖွဲ့ငယ်၊ အလွတ်တန်း သုံးယောက်တွဲ အဖွဲ့ငယ်များပါဝင်ယှဉ်ပြိုင်ကြရမည် ဖြစ်သည်။

ယင်းပြိုင်ပွဲနှင့် တစ်ဆက်တည်း ဖိတ်ခေါ်ပြိုင်ပွဲတစ်ခုဖြစ်မည့် မလေးရှားနိုင်ငံ Sintok Kedah Darul Aman မြို့တွင် စက်တင်ဘာ၂၁ရက်မှ ၂၃ရက်အထိကျင်းပမည့် (UUM Cup) နှစ်(၂၀) ပြည့် အထိမ်းအမှတ် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲကိုလည်း သွားရောက် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ UUM Cup ပြိုင်ပွဲတွင် အမျိုးသား အဖွဲ့လိုက်ပြိုင်ပွဲသာ ပါဝင်ပြီး မလေးရှားနိုင်ငံမှ ရှစ်သင်း၊ ထိုင်းနိုင်ငံမှ လေးသင်းနှင့် မြန်မာနိုင်ငံမှလေးသင်း ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အမှုဆောင် ဦးလှိုင်ထွဋ်အောင်(ဒုတိယညွှန်ကြားရေးမှူး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)နှင့် အုပ်ချုပ်သူ၊ နည်းပြဆရာ၊ အားကစားသမားစုစုပေါင်း ၁၇ဦး ပါဝင်သည်။

အဆိုပါ မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့အား မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဉာဏ်ထွန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(မြန်မာ့အလင်း)**

ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၉

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီးဦးသန်း (မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၁၆)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ ဟံသာဝတီ ကမ္မဋ္ဌာန်းရိပ်သာ၌ စက်တင်ဘာ ၂၈ ရက် ညနေ ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆နှင့် ၀၅၆-၂၁၄၃၂တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြပြီး တရားစခန်းဖွင့်မည့် စက်တင်ဘာ ၂၈ရက် ညနေ ၃ နာရီ ထက်နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်းသိရသည်။

(က-ပ)

အင်တာမီလန်သရေပွဲကျပြီး လက်ချီတို့နိုင်ပွဲရရှိ
လက်ရှိခြေစွမ်းနှင့်အင်တာမီလန် ချန်ပီယံအဖြစ်ဝေးနေဦးမည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် စက်တင်ဘာ ၁၉

အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ ဒုတိယမြောက်ပွဲစဉ်များကို စက်တင်ဘာ ၁၈ရက်က ဆက်လက်ကျင်းပရာ နာမည်ကြီးအင်တာမီလန်နှင့် ပါလာမိုအသင်းတို့ နှစ်ဂိုးစီသရေကျပြီး လက်ချီနှင့်ဘရက်ရှားတို့ပွဲတွင် လက်ချီအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အင်တာမီလန်နှင့်ပါလာမို

အင်တာမီလန်နှင့်ပါလာမိုအသင်းတို့ အင်တာမီလန်ကွင်း ဆန်စီရို၌ စက်တင်ဘာ၁၈ရက်က ယှဉ်ပြိုင်ကစားရာ ပြီးခဲ့သည့်နှစ် စီးရီးအေ၌ အိမ်ကွင်းရလဒ်ကောင်းသော အင်တာမီလန်တို့ ယခုနှစ်အိမ်ကွင်းအဖွင့်ပွဲစဉ်၌ သရေဖြင့် စတင်ခဲ့ရပြီဖြစ်သည်။

အင်တာမီလန်အသင်းသည် ယခုနှစ် စီးရီးအေ ပထမပွဲစဉ်တွင် အဝေးကွင်း၌ ချီယေးဗိုနှင့် ကစားခဲ့ရာတွင်လည်း နှစ်ဂိုးစီသရေကျခဲ့ရာ နှစ်ပွဲကစား နှစ်ပွဲစလုံး သရေကျပြီး နိုင်ပွဲဝေးနေသဖြင့် နည်းပြမန်ချီနီဖိအားပေးခံနေရပြီ ဖြစ်သည်။

လျှော့တွက်၍မရ

ပြီးခဲ့သည့်နှစ် စီးရီးအေ၌ အဆင့်လေးရရှိခဲ့သော အင်တာမီလန်မှာ မိမိကွင်း၊ မိမိပရိသတ်ရှေ့တွင် လူသစ်တန်းပါလာမိုကို သရေကျအောင် ကစားခဲ့ပြီး နိုင်ပွဲမရခြင်းမှာ နစ်နာချက်တစ်ရပ်ပင်ဖြစ်သည်။ ယခုနှစ်မှ စီးရီးအေသို့ အတန်းတက်လာသော ပါလာမိုမှာ ခြေစွမ်းထက်မြက်လှသည်ဖြစ်ရာ အဝေးကွင်း၌ အင်တာမီလန်ကို ခြေရည်တူကစားနိုင်ခဲ့ပြီး သရေကျအောင်လည်း ကစားခဲ့သည့်ခြေစွမ်းမှာ လျှော့တွက်၍မရပေ။

အင်တာမီလန်အသင်းသည် အိမ်ကွင်း၌လူသစ်တန်းပါလာမိုကို အပေါ်စီးမှ အနိုင်ယူကစားမည်ဟု ကြုံးဝါးထားသော်လည်း လက်တွေ့၌ ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ပွဲစသည်နှင့် အင်တာမီလန်တို့က တိုက်စစ်ဆင် ထိုးဖောက်ကစားနိုင်ရာ အလယ်တန်းမှ အင်္ဂါဒေးဗစ်၊ ဒီဂျင်စတန်ကိုဗစ်တို့က ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ပြီး တိုက်စစ်မှူးများထံ ဘောလုံးပေးပို့မှု တိကျမှန်ကန်ခဲ့သည်။

တစ်ဂိုးနစ်နာ

အလယ်တန်းမှ ပံ့ပိုးပေးမှုကြောင့် ပွဲချိန်၁၅မိနစ်တွင် အင်တာမီလန်တိုက်စစ်မှူး ဗန်ဒါမေဒီ ကွင်းလယ်ကြောမှ ဆွဲယူလာပြီး ပါလာမိုဂိုးရှေ့သို့ အနေတော် ချပေးလိုက်သည်ကို အင်တာမီလန်တိုက်စစ်မှူး ဂျူလီရိုခရူဇ် အပိုင်ကန်သွင်းခွင့်ရသော်လည်း ကန်ချက်မမှန်ခဲ့သဖြင့် တစ်ဂိုးနစ်နာခဲ့ရသည်။

အဝါကတ်ပြ

ပွဲချိန်၁၈မိနစ်တွင် ပါလာမိုကွင်းဘက် ဂိုးဧရိယာနှင့် မလှမ်းမကမ်းတွင် ပြစ်ဒဏ်ဘောရရှိရာ ယင်းပြစ်ဒဏ်ဘောကို အင်တာမီလန်နောက်ခံလူ ဇီးမာရီယာက ကန်သွင်းရာ ထွက်လာသည့်ဘောလုံးကို တိုက်စစ်မှူး ဗန်ဒါမေဒီ ကန်သွင်းသော်လည်း ပါလာမိုဂိုးသမား ဒယ်ဘင်ကာကွယ်နိုင်ခဲ့သည်။ အင်တာမီလန်တို့ ဂိုးရလိုမှုဇောဖြင့် အဝင်အထွက်ကြမ်းကြမ်းဖြင့် ကစားခဲ့မှုကြောင့် ပွဲချိန်မိနစ် ၃၀တွင် ဗီရှန်အဝါကတ်ပြခံရသလို ပွဲချိန် ၃၈ မိနစ်တွင် အင်တာမီလန်ကွင်းလယ်ကစားသမား စတန်ကိုဗစ်လည်း ဖျက်ထုတ်ရာတွင် ကြမ်းတမ်းမှုကြောင့် အဝါကတ်ပြခံရသည်။

ပါလာမိုတို့ အင်တာမီလန်တိုက်စစ်ကို ဟန့်တားရင်း တန်ပြန်တိုက်စစ်ဆင်ကစားရာ ရှေ့တန်းတိုက်စစ်မှူးများဖြစ်သည့် လန်ဘာတိုဇူလီ၊ လူကာတိုနီနှင့် ရူဆိုတို့က အင်တာမီလန်နောက်တန်းကို အကြိမ်ကြိမ်ခြိမ်းခြောက် ကစားနိုင်ခဲ့ကြသည်။ ပါလာမိုတို့ အင်တာမီလန်ဘက်ကို ဂိုးရလိုမှုကြောင့် အဝင်ကြမ်း

သလိုဖြစ်ရာ ပွဲချိန် ၄၄မိနစ်တွင် ပါလာမိုတိုက်စစ်မှူး လန်ဘာတိုဇူလီ အဝါကတ်ပြခံရသည်။ ပထမပိုင်းပြီးချိန်အထိ တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းနိုင်ကြချေ။

အဖွင့်ဂိုး

ဒုတိယပိုင်းစသည်နှင့် အင်တာမီလန်တို့ ဂိုးရရှိရေး တရကြမ်းထိုးဖောက်ကစားရာ ပွဲချိန်၄၆မိနစ်တွင် အင်တာမီလန်တိုက်စစ်မှူးအက်ဒရီယာဒိုက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဂိုးထပ်မံရရှိရေး အင်တာမီလန်တို့ ထပ်မံကြိုးစားသော်လည်း ပါလာမိုနောက်တန်းမှ ခံစစ်မှူးဖြစ်သည့် ဘာဇာလီ၊ ဘီယာဘာ၊ ဆန်တာနာနှင့် ဇာကာဒိုတို့ကိုမကျော်နိုင်ဘဲ ဖြစ်ရသည်။

ချေပဂိုး

ပါလာမိုတို့က ချေပဂိုးရရှိရေး ကြိုးစားပြီး တိုက်စစ်ဆင်ကစားရာ ပွဲချိန်၆၇မိနစ်တွင် ညာဘက်ကြောမှနေ၍ ပါလာမိုတိုက်စစ်မှူးဇူလီဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို ပါလာမိုတိုက်စစ်မှူးလူကာတိုနီက အနီးကပ်အပိုင်ကန်သွင်းခဲ့ရာမှ ပါလာမိုတို့ ချေပဂိုးရရှိခဲ့ခြင်းဖြစ်သည်။

အနီကတ်

ပါလာမိုတို့ ဂိုးရရှိရေး ထပ်မံကြိုးစားရာ ပွဲချိန်၈၁မိနစ်တွင် ပါလာမိုနောက်ခံလူ ဘီယာဘာဖျက်ထုတ်ရာတွင် ကြမ်းတမ်းမှုကြောင့် အနီကတ်တိုက်ရိုက်ပြအထုတ်ခံရသဖြင့် ပါလာမိုတို့ ဆယ်ဦးတည်းနှင့် ကစားခဲ့ရသည်။ ပွဲချိန်ပြီးသည်အထိ တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းနိုင်ကြရာမှ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။

မလွယ်ကူ

နာမည်ကြီးအင်တာမီလန်တို့ နှစ်ပွဲကစားပြီးချိန်တွင် သရေနှစ်ပွဲကျခဲ့သဖြင့် နှစ်မှတ်သာရရှိနေရာ ယခုခြေစွမ်းနှင့်ဆက်သွားပါက အေစီမီလန်တို့လက်မှ ချန်ပီယံဖလားကို ရရှိရန် မလွယ်ကူပေ။

လက်ချီနှင့်ဘရက်ရှား

စီးရီးအေ ဒုတိယမြောက်ပွဲစဉ်အဖြစ် လက်ချီနှင့် ဘရက်ရှားတို့ လက်ချီကွင်း ဗီရာဒယ်မယ်၌ စက်တင်ဘာ ၁၈ရက်က ယှဉ်ပြိုင်ကစားခဲ့ရာလက်ချီအသင်းက လေးဂိုး- တစ်ဂိုးဖြင့် ဂိုးပြတ်သွင်း အနိုင်ယူခဲ့သည်။

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် အင်တာမီလန်နှင့် ပါလာမိုအသင်းတို့ ယှဉ်ပြိုင်ကစားရာ အင်တာမီလန်ကွင်းလယ်ကစားသမား ဒီဂျင်စတန်ကိုဗစ်နှင့် ပါလာမိုအသင်းမှ အယ်ဘာတိုဆန်တာနာတို့ ဘောလုံးရရှိရေးယှဉ်လုစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိမ်ကွင်းရလဒ်မကောင်းသော လက်ချီအသင်းမှာ ယခင်နှစ်စီးရီးအေ၌ အဆင့်၁၀ချိတ်ခဲ့ပြီး ခြေစွမ်းလည်း ပြနိုင်သည်ဖြစ်ရာ ယခုနှစ်တွင် ထိပ်ဆုံးနားရောက်နိုင်သည့်အသင်းဖြစ်သည်။ လက်ချီအသင်း စီးရီးအေပွဲစဉ်(၁)၌ အဝေးကွင်း အတ္တလန်တာနှင့်ကစားခဲ့ရာတွင် နှစ်ဂိုးစီသရေကျခဲ့ပြီး တစ်မှတ်သာရရှိထားသလို ဘရက်ရှားမှာ စီးရီးအေပွဲစဉ်(၁)၌ အိမ်ကွင်းတွင် ဂျူဗင်းတပ်ကို သုံးဂိုးပြတ်ရှုံးနိမ့်ထားပြီး အမှတ်မရရှိသေးသည့်အသင်းဖြစ်သည်။

ပွဲစသည်နှင့် အိမ်ရှင်လက်ချီတို့က ကစားကွက်တည်ပြီး အလယ်တန်းမှ ဒယ်လာဘိုနာ၊ ဂီရာရီမာဇီတို့က တိုက်စစ်ကို လိုက်ပါအားဖြည့်ကစားသလို ဘောလုံးဖြန့်ပေးမှုများလည်း ကောင်းသဖြင့် တိုက်စစ်မှူးများဖြစ်သည့် ဘိုဂျီနော့ဗ်၊ ဘီဂျီလာနိုဗစ်၊ အလက်ပီနာဒီနှင့် လီဒက်စ်မာတို့က ဂိုးရရှိရေး ပိုမိုထိုးဖောက်ကစားနိုင်ကြသည်။

ဘရက်ရှားအသင်းက လက်ချီတို့၏ တိုက်စစ်ကိုဟန့်တားရင်း ပွဲချိန် ၂၇မိနစ်တွင် ဘရက်ရှားတိုက်စစ်မှူး ကာရာစီရိုလိုက ဘရက်ရှားအတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သော်လည်း ပွဲချိန် ၃၈မိနစ်တွင် လက်ချီတိုက်စစ်မှူး ဘိုဂျီနော့ဗ်က ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

ပွဲချိန်၃၆မိနစ်တွင် လက်ချီအသင်းနောက်ခံလူဖျက်ထုတ်ရာတွင် ကြမ်းတမ်းမှုကြောင့် အဝါကတ်ပြခံရသလို ပွဲချိန်မိနစ်၄၀တွင် လက်ချီကွင်းလယ်ကစားသမားဘိုနာ အဝါကတ်ပြခံရသည်။ ပထမပိုင်းပွဲချိန်ပြီးသည်အထိ တစ်ဂိုးစီသရေဖြစ်နေရာမှ ဒုတိယပိုင်း ပွဲချိန်၅၁မိနစ်တွင်လက်ချီတိုက်စစ်မှူး ဘီဂျီလာဒိုဗစ်က တစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် လက်ချီတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။

၁၀ဦးတည်းနှင့်ကစားခဲ့

ပွဲချိန် ၇၂မိနစ်တွင် လက်ချီတိုက်စစ်မှူး ဘိုဂျီနော့ဗ်က သူ၏ဒုတိယမြောက်ဂိုးကို သွင်းယူခဲ့သဖြင့် လက်ချီတို့ သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ကစားနေရာ ပွဲ ချိန် ၇၄မိနစ်တွင် ဘရက်ရှားနောက်ခံလူ အယ်မေဒါကစားပုံ ကြမ်းတမ်းသဖြင့် အနီကတ်တိုက်ရိုက်ပြ အထုတ်ခံရသဖြင့် ဘရက်ရှားတို့ ၁၀ဦးတည်းနှင့်ကစားခဲ့ရသည်။

ဖျက်ထုတ်

လက်ချီအသင်း လူနှင့်ကစားကွက်ပါ အပေါ်စီးရပြီး တစ်ဖက်သတ်ထိုးဖောက်ကစားရာ ဘရက်ရှားနောက်တန်းခံစစ်မှူးများ မနားတမ်းဖျက်ထုတ်နေရသည်။ ထိုသို့ အိမ်ရှင်လက်ချီတို့၏ တိုက်စစ်ကို ဟန့်တားနေရာမှ ပွဲချိန် ၈၁မိနစ်တွင် လက်ချီကွင်းလယ်ကစားသမား မက်ဇီက တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ဘရက်ရှားတို့ လေးဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့ရခြင်းဖြစ်သည်။

လွယ်ကူမည်မဟုတ်

ဘရက်ရှားအသင်းမှာ ကွင်းလယ်နှင့်ရှေ့တန်းကစားပုံကောင်းမွန်သော်လည်း နောက်တန်းခံစစ်ကြောင်းတောင့်တင်းခိုင်မာမှုမရှိခြင်းကြောင့် ပထမပွဲတွင် ဂျူဗင်းတပ်ကို အိမ်ကွင်း၌ သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးပြီး ယခုတစ်ဖန် အဝေးကွင်း၌ လက်ချီအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အရှုံးကြီးရှုံးခဲ့ရခြင်းဖြစ်သည်။ ယခုခြေစွမ်းနှင့်ဆိုလျှင် ဘရက်ရှားတို့ ယခင်နှစ်စံချိန်ပင်ရရှိရန် လွယ်ကူမည်မဟုတ်ရာ တန်းမဆင်းရရေး အသည်းအသန်ကြိုးစားရန်းကန်ရမည့် အနေအထားရှိနေသည်။

အီတလီစီးရီးအေ ဒုတိယမြောက်ပွဲစဉ်ကစားရာတွင်လည်း အင်တာမီလန်တို့ သရေပွဲနှင့်ပင်ကြုံတွေ့ရပြန်ရာ ယခုခြေစွမ်းနှင့်ကစားကွက်ပုံစံမပြောင်းလဲနိုင်ပါက စီးရီးအေချန်ပီယံဖလားနှင့် ဝေးနေရဦးမည်ပင်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ကမ္ဘာတစ်လွှား အားကစား

နာမည်ကျော်ပီလီဝတ်ဆင်ခဲ့သောနံပါတ်၁၀အင်္ကျီ ဒေါ်လာ ၁၈၀၀၀၀အထိ ဈေးရနိုင်

လန်ဒန် စက်တင်ဘာ ၁၈

၁၉၅၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဘရာဇီးအသင်းနှင့် ဆွီဒင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ဘရာဇီးအသင်းအတွက် နှစ်ဂိုးသွင်းပေးခဲ့သော အသက်၁၇နှစ်အရွယ်ရှိ ပီလီဝတ်ဆင်ခဲ့သည့်အင်္ကျီကို လေလံတင်ရောင်းချမည်ဖြစ်ရာ ပေါင်၁၀၀၀၀၀(အမေရိကန်ဒေါ်လာ ၁၈၀၀၀၀)အထိ ဈေးရနိုင်သည်ဟုဆိုသည်။

နံပါတ် ၁၀

အဆိုပါအင်္ကျီသည် အပြာရောင်ဖြစ်ပြီး လက်တိုအင်္ကျီဖြစ်သည်။ ကျောဘက်တွင် ပီလီ၏နံပါတ် ၁၀ ပါရှိသည်။ ၎င်းအင်္ကျီကို အင်္ဂါနေ့တွင် လန်ဒန်မြို့ ခရစ္စတီခန်းမ၌ ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အပြာရောင်

ဘရာဇီးအသင်းသည် အမြဲတမ်း အဝါရောင်အင်္ကျီများသာ ဝတ်ဆင်ခဲ့ကြသော်လည်း ၁၉၅၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဆွီဒင်နှင့်ကစားရာ၌ အရောင်ကွဲပြားစေရန်အတွက် အပြာရောင်ကို ပြောင်းလဲဝတ်ဆင်ခဲ့ကြခြင်း ဖြစ်သည်။

ပေါင် ၁၅၇၇၅၀

၁၉၇၀ပြည့်နှစ် ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင် ပီလီဝတ်ဆင်ခဲ့သော နံပါတ်၁၀အင်္ကျီကို ၂၀၀၂ခုနှစ် မတ်လအတွင်းက ခရစ္စတီခန်းမ၌ လေလံတင်ခဲ့ရာ ပေါင်၁၅၇၇၅၀(အမေရိကန်ဒေါ်လာ ၂၈၃၁၀၀)ဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

မန်ယူအသင်းနောက်တန်းကို ကာကွယ်ရန် ဟာဒီနန်ပြန်လာပြီ

လန်ဒန် စက်တင်ဘာ ၁၉

မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် စိတ်ပျက်ဖွယ်ရာများနှင့် စတင်ခဲ့ရပြီး ရီယိုဖာဒီနန်သည် ဆေးစစ်ရန် ပျက်ကွက်မှုကြောင့် ရစ်လတာ ပွဲပယ်ခံရပြီးနောက် သူ၏နောက်တန်းတာဝန်ကို ပီပြင်အောင်ကစားနိုင်လိမ့်မည်ဟု မန်နေဂျာဖာဂူဆန်က ယုံကြည်ထားသည်။

ပါဝင်ကစားဖွယ်ရှိ

ရီယိုဖာဒီနန်သည် တနင်္လာနေ့(ယနေ့)တွင် အိုးထရက်ဖို့ဒ်၌ လီဗာပူးနှင့် ကစားမည့်ပွဲတွင် ပါဝင်ကစားဖွယ်ရှိသည်။ မန်ယူသည် ပရီမီးယားလိဂ် ငါးပွဲကစားအပြီး သုံးပွဲသရေကျခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

နာမည်ကြီးရီးရဲမက်ဒရစ် ရှုံးပွဲများနှင့်ဆက်တိုက်ကြုံ

မက်ဒရစ် စက်တင်ဘာ ၁၉

စပိန် လာလီဂါပွဲစဉ်(၃)ကို စက်တင်ဘာ၁၈ရက်က ကျင်းပရာ ရီးရဲမက်ဒရစ်အသင်းသည် အက်စ်ပန်ညိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့သည်။

လွန်ခဲ့သော သုံးရက်ကရီးရဲမက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် လေဗာကူဆင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒုတိယပိုင်းတွင် ရီးရဲမက်ဒရစ်အသင်းက ချေပဂိုးသွင်းခွင့် အခွင့်အရေးတစ်ရပ်အဖြစ် ရော်နယ်ဒိုပယ်နယ်တီတစ်လုံး ကန်သွင်းခဲ့သော်လည်း အက်စ်ပန်ညိုဂိုးသမားကားလော့ ကာမီနီ၏ ကာကွယ်ပုတ်ထုတ်နိုင်လိုက်သည်။ ရီးရဲ၌ ဇီဒန်းနှင့် ဖီဂိုတို့ ဒဏ်ရာရနေ၍ ပါဝင်မကစားနိုင်ကြပေ။ ယနေ့ပွဲတွင် မိုက်ကယ်အိုဝင် ပါဝင်ကစားသွားသည်။

ဇယားထိပ်သို့ရောက်ရှိ

အက်စ်ပန်ညိုအသင်းသည် သုံးပွဲကစားပြီး ခုနစ်မှတ်ဖြင့် ဇယားထိပ်သို့ရောက်ရှိနေသည်။ ရီးရဲမက်ဒရစ်အသင်းသည် ခြောက်မှတ်ဖြင့် ပဉ္စမနေရာ၌ ရပ်တည်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် လက်စ်ဗီးဂတ်စ်မြို့၌ ဒဗလျူဘီစီ၊ ဒဗလျူဘီအေ၊ အိုင်ဘီအက်ဖ် လက်ဝှေ့ပြိုင်ပွဲများကျင်းပရာ မစ်ဒယ်ဝိတ်တန်းတွင် ဖီလာဒယ်ဖီးယားမှ ဘားနက်ဟုတ်ကင်း(ဝဲ) က လော့အိန်ဂျယ်လိစ်မှ ဒီလာဟိုယာအား ထောက်လက်သီး တစ်လုံးပစ်သွင်းလိုက်စဉ်။ (ယင်းပွဲတွင် ဟုတ်ကင်းက ကိုးချီမြောက်တွင် ဒီလာဟိုယာအား အနိုင်ထိုးပြီး သူ၏ သရဖူကို ကာကွယ်နိုင်လိုက်သည်။)

(ဓာတ်ပုံ-အင်တာနက်)

ပြည်တောင်တန်း တောရကျောင်းများ ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၉

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်တောင်တန်း တောရကျောင်းများ၏ (၂၃)ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၉ရက် နံနက် ၉နာရီက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) အတွင်းရေးမှူးဒုတိယဗိုလ်မှူးကြီး အုန်းမြင့်နှင့်ကောင်စီဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေးလုပ်ငန်း ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

ညှိနှိုင်းစည်းဝေး

အခမ်းအနားတွင် ပြည်တောင်တန်း တောရကျောင်းများ၏ ဆွမ်းဆန်တော် လောင်းလှူပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်က အမှာစကားပြောကြားပြီး (၂၃)ကြိမ်မြောက် ပြည်တောင်တန်း တောရကျောင်းများ၏ ဆွမ်းဆန်တော် လောင်းလှူပွဲကို အောက်တိုဘာ ၁၃ရက်တွင် ပြည်မြို့ သီရိခေတ္တာသီရိန္ဒရသာသနာ့ဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဦးစီးကော်မတီများနှင့် လုပ်ငန်းဆပ်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်၍ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲတွင် ဘုန်းတော်ကြီးကျောင်းပေါင်း ၁၉၅ကျောင်းမှ ရဟန်းသာမဏေ၊ သီလရှင် ၁၇၀၀ ခန့်အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများဖြင့် စည်ကားသိုက်မြိုက်စွာ လောင်းလှူကြမည်ဖြစ်သဖြင့် ရပ်ဝေးရပ်နီး အလှူရှင်အပေါင်းတို့သည် ပြည်မြို့ ဆန်လှူအသင်းရုံး ဖုန်း-၀၅၃-၂၆၂၂၂၊ ဦးပေါ်ရွှေ(ဥက္ကဋ္ဌ၊ ဆန်လှူအသင်း)ဖုန်း-၀၅၃-၂၂၁၀၂၊ ဦးမြင့်ဆွေ (အတွင်းရေးမှူး၊ ဆန်လှူအသင်း) ဖုန်း-၀၅၃-၂၂၅၃၆၊ ဦးအုန်းကြည် (အမှုဆောင်၊ ဆန်လှူအသင်း) ဖုန်း-၀၅၃-၂၁၆၈၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သချီာကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၉

သချီာကျောင်းသားဟောင်းများ၏ အာစရိယ ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းပွဲကို စက်တင်ဘာ၂၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ် သချီာဌာန၌ ကျင်းပမည်ဖြစ်သည်။ သချီာကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

သာကေတမြို့နယ် အမက (၃၅) မိဘဆရာအသင်း နှစ်ပတ်လည် အခမ်းအနားနှင့် ပညာရည်ချွန်ဆု ပေးပွဲတွင် ပထမတန်း(က)မှ ပထမဆုရရှိသော မထက်မြက်သူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်းက ဆုချီးမြှင့်စဉ်။ (က-ပ)

သင်တန်းတက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၉

ဖိလစ်ပိုင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန (International Rice Research Institute)တွင် စက်တင်ဘာ၂၀ရက်မှ အောက်တိုဘာ ၈ရက်အထိ ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်း တက်ရောက်ရန်အတွက် မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်းမှ အထွေထွေ အတွင်းရေးမှူး ဒေါက်တာမျိုးအောင်ကျော်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲမှ လက်ထောက်ကြီးကြပ်ရေးမှူးဒေါ်နော်အယ်လ်မာတို့သည် ယနေ့နံနက် ၁၀နာရီ ၅ မိနစ်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Welcome to
Thai Education
Seminar & Exhibition 2004
ထိုင်း တက္ကသိုလ်ပညာရေး
မိတ်ဆက်ဆွေးနွေးပွဲနှင့်ပြပွဲ
Lucky draw for
-Scholarship for study in Thai Universities
-Yangon/Bangkok return airticket
-Door prices & Gifts
25-26 September 2004
Sedona Hotel
Yangon, Myanmar
daily 10:00 am to 05:00 pm
Supported by Ministry of Education, Myanmar
Organized by Ministry of Education, Thailand & Royal Thai Embassy, Yangon
*Interested persons, kindly register to following address:
TTE(Yangon)Co., Ltd. 96, Bogalay Street, Botahtaung Township, Yangon
Tel: 294006 / 245137 / 245138 Fax: 245092
* Registered on site at show days also available
Free Entry

REFRACTOR RT-2100
Safilo, Polo Ralph Louren, G.F.F (15% Off)

STEPHEN R. COVEY ၏ LIVING THE 7 HABITS

မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊အမှတ်(၁၉)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာ့ လေကြောင်းကဖော်ကာအစား အေတီအာလေယာဉ်များ ပြောင်းမည်၊ ပုဂံတွင် ကျင်းပမည့် ပထမဆုံးအကြိမ် နိုင်ငံတကာခရီး ကြမ်းမြင်းစီးပြိုင်ပွဲ၊ သြစတြေးလျက မြန်မာ့သရက်သီးဝယ်လို၊ ဖုန်းကို သုံးလိုတဲ့အခါ၊ ပြည်ပပို့ရန် ငါးရှဉ့်များ လေလံပစ်စသည့် ပြည်တွင်းသတင်း ဝေဝေဆာဆာဖြင့် မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၉)ကို ဖြန့်ချိထားသည်။

မလေးရှားမှာ အလုပ်မလုပ်မီ ကိုယ့်နိုင်ငံမှာ သင်တန်းအရင်တက်ဖို့လို၊ တိုက်ဂါးဝုဒ်ကိုရီးယားဒရာမာ မင်းသားလုပ်မည်၊ စင်ကာပူ-ဗန်ကောက်လေယာဉ်ခ ၄၉ ဆင့်၊ ပူတူတူးကလေးများ ရေကူးကန်၊ မြဝတီရုပ်မြင်သံမှာပြမည့် ရေသူမလေးရဲ့အချစ် စသည့် နိုင်ငံတကာသတင်းများ၊ အပတ်စဉ်ပါနေကျ အားလပ်ရက် အပန်းဖြေအညွှန်း၊ နယ်စပ်နှင့် ကုန်စည်ဒိုင်ကုန်သွယ်ရေးသတင်းများ၊ နိုင်ငံတကာ ပညာရေး မိတ်ဆက်၊ ကျန်းမာရေးသတင်းများကိုပါ ထည့်သွင်းထားကာ e-Empire Media House ဖုန်း-၇၀၃၈၀၃ က တစ်ပြည်လုံးသို့ ဖြန့်ချိသည်။ **(က-ပ)**

ကဝမြို့နယ်ရှမ်းကန်စံပြကျေးရွာ ကျောင်းသားကျောင်းသူများအား ခံတွင်းရောဂါကုသ

ရန်ကုန် စက်တင်ဘာ ၁၉

ပဲခူးတိုင်း ကဝမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ကဝမြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပါဝင်သောအဖွဲ့သည် စက်တင်ဘာ၉ရက်က ကဝမြို့နယ် ရှမ်းကန်စံပြကျေးရွာသို့ သွားရောက်၍ သွားနှင့်ခံတွင်းဆိုင်ရာ သိကောင်းစရာများ ပညာပေးဆောင်ရွက်ကြသည်။

အခမ်း

ရှေးဦးစွာ ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမောင်လှက အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ကဝမြို့နယ် သွားနှင့်ခံတွင်းဆိုင်ရာ ဒေါက်တာ အောင်မျိုးဟိန်းက ဟောပြောရှင်းလင်းကာ စံပြကျေးရွာရှိကျောင်းသားကျောင်းသူ ၉၃ ဦးတို့အား အခမဲ့ ကုသပေးသည်။

ရှင်းလင်း

ဆက်လက်၍ ကဝမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနာယက ဒေါ်နန်းစန်းလှိုင်နှင့် အမှုဆောင်များက စံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲမှ အသင်းဝင်များအား အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

(က-ပ)

ရွာရန်ရာနှုန်း ၈၀
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

တိုက်ခန်းငှားမည်
Ph: 249118, 706677, 09-9926131

ဝယ်စားတော့မယ်ချို
ချန်ပီယံပေါ်ဆန်းမွှေး
☎:682844 ☎:682944 ☎:682928
☎:680301 ☎:681326
☎:02-65975 ☎:02-28036

(LL.B.)
☎01- 378649, 375822

ACE Data Systems
Computer Professional Training Courses
Software Engineering Course Level I
Software Engineering Course Level II
Software Engineering Course Level III
MCSA & JITEC Exam Preparation Courses
Programming Special Courses
Office Application Courses
Enroll Now! Sept. 20

SUCCESS LANGUAGE ACADEMY

SPOKEN ENGLISH	3:30 - 5:00 p.m.	20.9.04	Mon to Thu
	6:00 - 7:30 p.m.	20.9.04	Mon to Thu
	7:30 - 9:00 a.m.	27.9.04	Mon to Thu
IELTS	10:00 - 12:00 a.m.	11.10.04	Mon to Wed

ဖုန်း 292046

GREATEST POWER
e-mail : gpedu@mail4u.com.mm

ဒွါဒသမအကြိမ်(၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

- ❐ မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရေး။
- ❐ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❐ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
- ❐ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
- ❐ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။
- ❐ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

မင်းဘူးခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်

မင်းဘူး စက်တင်ဘာ ၁၂

မင်းဘူးခရိုင်အဆင့် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ ၇ရက်က မင်းဘူးမြို့ ဦးသြဘာသခန်းမ၌ ကျင်းပရာ မင်းဘူးခရိုင် အတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

အခမ်းအနားသို့ တာဝန်ရှိသူများ၊ ရေနံမြေစက်ရုံမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြသည်။

ထို့နောက် ဆုရရှိသူများအား စက်တင်ဘာ ၉ရက်က ဆုပေးပွဲကျင်းပရာ မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးအောင် တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။ **(ဝဲပုံ)** **(၄၀၇)**

မိုးနဲစည်ပင်သာယာရေးလုပ်ငန်းများ ပြည်နယ်စည်ပင်ညွှန်ကြားရေးမှူးစစ်ဆေး

မိုးနဲ စက်တင်ဘာ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုနှင့်အဖွဲ့သည် စက်တင်ဘာ ၃ရက်က မိုးနဲမြို့နယ်သို့ ရောက်ရှိပြီး မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်လျက်ရှိသော ပျိုးဥယျာဉ်ထူထောင်ထားရှိမှု၊ မြို့ဝင်ဆိုင်းဘုတ် ပြင်ဆင်မွမ်းမံမှု၊ ပန်းအလှပင်စိုက်ပျိုးထားရှိမှု၊ လမ်းလယ်ကျွန်းပန်းခုံများ ပန်းအလှပင် စိုက်ပျိုးထားရှိမှုနှင့် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် မြို့တွင်းလမ်း နှစ်မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ကျောက်စုဆောင်းထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)** **(မြို့နယ်စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေး စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

ရွှေဘို စက်တင်ဘာ ၅

ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး ဆင့်ပွားသင်တန်းအမှတ်စဉ်(၂/၂၀၀၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက် နံနက် ၇နာရီခွဲက ရွှေဘိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းတို့က သင်တန်းဆင်း အမှာစကားပြောကြားကြသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းတွင် ပထမဆုရ ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနခွဲစာရေးကြီး ဒေါ်လှကြည်၊ ဒုတိယဆုရ ရွှေဘိုအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒေါ်အေးအေး၊ တတိယဆုရ ဝက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးကျော်ညွန့်ဝေတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

ကွမ်းခြံကုန်းမြို့တွင် စမ်းသပ်စက်ရေတွင်းသုံးတွင်း တူးဖော်မှုနှင့် ရေဂါလန် တစ်သောင်းနှစ်ထောင်ဆံ့ ကွန်ကရစ်စင်မြင့်ရေကန် တည်ဆောက်မည့်နေရာများအား စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ)ဦးလှသိန်းအောင်နှင့် တာဝန်ရှိသူများ စက်တင်ဘာ၄ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့် ပြည်နယ် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် တို့ စက်တင်ဘာ ၁၀ ရက်က မြဝတီမြို့ အဝင် ပန်းခုံများ သာယာလှပရေးကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစတင့်ဝေ တို့က ရှင်းလင်း တင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၂၁-၉-၂၀၀၄(အင်္ဂါနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ) ဥပုသ်နေ့ရှိုးဆော်ချက်

နေ့လယ်ပိုင်း

- ၀၉း၀၀ နဝင်္ဂဥပေါသထသီလပေး တရားတော်(ဘဒ္ဒန္တ ဝိစာရ)
- ၁၀း၀၅ ၂၀၀၄ခုနှစ် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံပညာ (၅-၁၀)နှစ် အမျိုးသမီးများ လေ့လာနိုင်ရန် (ဓမ္မပူဇာတေး)
- ၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် ဆွေးနွေးချက်-မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးရေးကဏ္ဍ သမိုင်းကြောင်း)
- ၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက်(ကျောက်စာများက ဖော်ပြနေသော မြန်မာတို့၏ နှလုံးသား-ဒုတိယပိုင်း-နိုင်ဝေ)
- ၁၂း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်ကြီး(၁၁)သုတ်ပါဠိ
- ၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (မိုးရာပြည့်)
- ၁၂း၄၅ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (သူတော်မြတ်များ အရောက်လှမ်း မင်္ဂလာဖိုနိဗ္ဗာန်လမ်း)
- ၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဆဋ္ဌမတန်း-အထွေထွေသိပ္ပံ)

ညနေပိုင်း

- ၁၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်ပါဠိနှင့်အနက်
- ၁၆း၂၀ ကျေးလက်ဇာတ်လမ်း(မှန်းချက်နှင့် နှမ်းထွက်ကိုက်ပြီဟေ့)
- ၁၇း၀၀ တပ်မတော်စာတိုက်
- ၁၇း၁၀ ကမ္ဘာ့ဂီတ
- ၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (သွက်လက်ပေါ့ပါး လန်းဆန်းမှုကို အားကစားလှုပ်ရှားခြင်းက ပေးစွမ်းနိုင်သည်)
- ၁၇း၅၀ သောတရှင်အတွက် ပြန်ကြားချက်
- ၁၈း၄၀ ဦးသုခ၏ မင်္ဂလသုတ်အဖွင့် (အပိုင်း-၈)
- ၁၉း၁၅ ကွက်စိပ်(တွံတေးဒဂုံဆရာညွန့်၏ ရသေ့ညီနောင် ရှင်တစ်ထောင်ချွတ်ခန်း)
- ၂၀း၃၀ ကလေးများအတွက်အစီအစဉ်(ပုံပြင်) -မင်းကွန်းဆရာတော်ကြီး၏ အရပ်(၁၀)မျက်နှာ မေတ္တာဘာဝနာ တရားတော်

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

- ✳ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။
- ✳ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ဩဂုတ် ၁၅ရက်က ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် မြို့ဝင်ဆိုင်းဘုတ်ပတ်ဝန်းကျင်တွင် မြေယာရှုခင်း ဖော်ထုတ်ဆောင်ရွက်မှုများကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုး ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မိုင်းဖြတ်မြို့ ဆိုင်ဆတ်ကျေးရွာအမက ကျောင်းဆောင်သစ်ဖွင့်၊ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

မိုင်းဖြတ် စက်တင်ဘာ ၁၂

မိုင်းဖြတ်မြို့နယ် နမ့်ကုန်းကျေးရွာအုပ်စု ဆိုင်ဆတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ၁ရက်က အဆိုပါကျောင်းဆောင်ရှေ့၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် မြို့နယ်ပညာရေးမှူး ဦးမြင့်ဆွေတို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဦးမြင့်ဆွေက ကျောင်းဆောင်သစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်ဦးလုဂမ်က မြို့နယ်ပညာရေးမှူးထံ ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

မိုးစပါးထွန်တုံးပိတ် ကောက်စိုက်ပွဲကျင်းပ

လယ်ဝေး စက်တင်ဘာ ၈

လယ်ဝေးမြို့နယ် ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲအခမ်းအနားကို ဩဂုတ်၁၄ရက် နံနက်၈နာရီက အမှတ်(၁) မြွေရိုးလေး စခန်းကွင်းအမှတ် (၁၈၃၅)တွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အဖွဲ့ဝင်(၂)ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးလှမြင့်က မိုးစပါးထွန်တုံးပိတ်ပွဲ ကျင်းပမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ထွန်တုံးပိတ်ကောက်စိုက်ပွဲကို မျိုးသက်နုစိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်းနှင့် ပျိုးဖြင့်စိုက်ပျိုးခြင်းများ ကျင်းပရာ ကျေးရွာအုပ်စု (၂၁)အုပ်စုမှ တောင်သူများ ကြည့်ရှုလေ့လာကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မျိုးဆက်ပွားကျန်းမာရေးစီမံချက် ဆင့်ပွားသင်တန်း ခင်ဦးမြို့၌ဖွင့်

ခင်ဦး စက်တင်ဘာ ၉

ခင်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက ကြီးမှူး၍မျိုးဆက်ပွားကျန်းမာရေးစီမံချက် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ်၃၀ရက် မွန်းလွဲ၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပသည်။အဆိုပါဆင့်ပွားသင်တန်းတွင်မြို့နယ်ဆရာဝန် ဦးလတ်ဝေကမျိုးဆက်ပွားကျန်းမာရေးစီမံချက် အကြောင်း ရှင်းလင်း ပြောကြားသည်။

သင်တန်းသို့ သင်တန်းသူ၃၀၊ သင်တန်းသား၁၅ဦး တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဩဂုတ်၂၇ရက်က ရေဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင်ကျူပျော် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရေဦး ပန်းခြံ အတွင်း ပျိုးဥယျာဉ်၌ ပျိုးပင်များ တည်ထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းအေးက ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ဆောင်ရွက်

ဩဂုတ်၂၁ရက်က ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ကိုဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့က ပန်းခြံ အတွင်းအပြင် သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (၄၁၇)

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မကွေးမြို့ မြို့တော်ခန်းမတွင် ဆုပေးအပ်

မကွေး စက်တင်ဘာ ၁၅

မကွေးခရိုင် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ၁၂ရက် ည၇နာရီက မကွေးမြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားတွင် မကွေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်း၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမိုးဇော်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးကျော်ငွေ၊ မြို့နယ်ဥက္ကဋ္ဌဦးအောင်မြင့်နှင့် တိုင်းနှင့် ခရိုင်ဌာနဆိုင်ရာ ပုဂ္ဂိုလ်များက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဖျော်ဖြေ

ထို့နောက် ဆုရရှိသူများက အဆို၊ အက၊ အတီးတို့ဖြင့် ဖြေဖျော်တင်ဆက်ကြကြောင်း သိရသည်။ **(၄၀၅)**

ဩဂုတ် ၂၈ ရက်က သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဆိပ်ကမ်းရပ်ကွက်ရှိ ပြည်သူများပူးပေါင်း၍ ရေလှောင်ကန် ဘေးဝဲယာ အမှိုက်နှင့်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဆုချီးမြှင့်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကံ့ကော်ရပ်ကွက် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ၅ရက်က ကျင်းပရာပထမတန်း၌ပထမဆုရ မဖူးဖူးဇော်နိုင်အား မြို့နယ်ပညာရေးမှူး ဦးစိုးမြင့်က ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးခင်မောင်ဆွေဩဂုတ် ၃၀ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း ရေမြောင်း တူးဖော်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးဆန်းမော်ခင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာများမှ ဝေဒနာရှင်ပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးဝါးကုသပေး

ပြင်ဦးလွင် စက်တင်ဘာ ၈

ပြင်ဦးလွင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် တိုင်းရင်းဆေးဦးစီးဌာနတို့ပူးပေါင်းပြီး ဩဂုတ်၁၅ရက်က ပြင်ဦးလွင်မြို့နယ် မြစ်ရိုးလေးရွာရှိ ကျေးရွာများမှ ဝေဒနာရှင်ပြည်သူများအားတိုင်းရင်းဆေးဖြင့် အခမဲ့ဆေးဝါးကုသပေးကြသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်စန်းတင့်ဦးဆောင်သောအဖွဲ့က မြစ်ရိုးလေးရွာရှိ ကျေးရွာပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အသိပညာပေးဟောပြောကြပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့်ကလေးငယ်များအား ကျန်းမာရေးစစ်ဆေးခြင်း၊ အသိပညာပေးစာစောင်များ ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ တိုင်းရင်းဆေးဦးစီးဌာန ဦးစီးမှူး ဦးစောယုသန်းနှင့်အဖွဲ့က ဝါးနက်၊ မန်ကျည်းအင်း၊ငှက်ကြီးသိုက်နှင့် ဂွေးပင်ကျေးရွာများမှ ရောဂါဝေဒနာရှင် ၁၅၃ဦးတို့အား တိုင်းရင်းဆေးဖြင့် အခမဲ့ ဆေးဝါးကုသပေးကြသည်။

20-9 (16).p65 1 27.03.1905, 4:20 PM

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လှိုင်မြို့နယ် လှိုင်မြင်းမိုရ်အိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ ရရှိထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်း လျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
ဦးလှကျော် ၁၂/ရကန(နိုင်)၀၅၇၀၈၉	ဒေါ်သန်းမြ ၅/ရကန(နိုင်)၁၂၈၉၂၇	တိုက်-၈၊အခန်း-၁၁ လှိုင်မြင်းမိုရ်အိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန (အဆောက်အအုံ)။

အမည်ပြောင်း

ဦးမျိုးမြင့်၏သား အထက(၂) သဃ်န်းကျွန်း နဝမတန်း(ခ)မှ မောင်မင်းသစ်လွင်အား မောင်ဝင်းလွင်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝင်းလွင်ဖြိုး။**

အမည်ပြောင်း

ဦးသန်းထိုက်နှင့် ဒေါ်ပိုပိုထိုက်တို့၏သား အထက(၃) ပြင်ဦးလွင် နဝမတန်း(စ)မှ မောင်ရဲသန်းထိုက်အား ယနေ့မှစ၍ မောင်နေလင်းထိုက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်နေလင်းထိုက်။**

အမည်ပြောင်း

အထက ပုဏ္ဏားကျွန်းမြို့ X(A)မှ အဖ ဦးမောင်သောင်းရွှေ၏သား မောင်သောင်းမျိုးနိုင်အား ယနေ့မှစ၍ မောင်မျိုးဟိန်းလွင်ဟု ပြောင်းလဲ ခေါ်ပါရန်။ **မောင်မျိုးဟိန်းလွင်။**

အမည်ပြောင်း

တောင်ကြီးမြို့ အထက(၇) ဒသမတန်းမှ အဖဦးဝင်းမောင်၏သား မောင်စိုးမင်းလင်းအား ယနေ့မှစ၍ မောင်ကျော်စံလွန် ၁၃/တကန(နိုင်) ၂၁၀၁၈၃ ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်စံလွန်။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ပတ်စ်ပို့စာအုပ်နံပါတ် No. 525801 ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ ဆက်သွယ်ပါရန်။ **မောင်အောင်မြင့်ကျော်**
ဖုန်း-၀၁-၃၈၃၄၂၇။

ဖခင်အမည်မှန်

အထက(၁)ကမာရွတ် ဆဋ္ဌမတန်း(B)မှ မခိုင်အိအိထိုက်၏ ဖခင်အမည်မှန်မှာ ဦးရန်နိုင်ဦး ဖြစ်ပါသည်။
ဦးရန်နိုင်ဦး။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်၊ နေလလမ်းရှိ မူလအမှုတွဲအမှတ် ၁၃ တီ/၅၃/၅၄ ဦးစောခလူးလယ် NYHE-၀၀၈၉၂၄ အမည်ပေါက်၏ မူရင်းမြေငှားဂရန်သည် ပျောက်ဆုံးနေပါ၍ အကွက်အမှတ် ၁၃၊ ဦးပိုင်အမှတ် ၂၁၊ ဧရိယာ ၀ ဒသမ ၆၅၇ ဧကရှိ မြေကွက်အား ဦးစောခလူးလယ်၏ ချွေးမများဖြစ်ကြသော ဒေါ်ကယ်လီ ၁၃/ဟပန(နိုင်)၀၀၂၀၉၀၊ ဒေါ်ရှယ်သဲဒီ ၁၃/တကန(နိုင်)၀၁၆၅၂၁ နှင့်သားဖြစ်သူ ဦးစောဘာဘလု ၉/ပမန(နိုင်)၀၉၈၁၅၉ တို့၏ အမည်များဖြင့် မြေငှားဂရန်လျှောက်ထားလိုပါသောကြောင့် ကန့်ကွက်လိုသူသည် ခိုင်လုံသော အထောက်အထားဖြင့် ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တောင်ကြီးမြို့နယ် မြေစာရင်းဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
ဒေါ်ကယ်လီ၊ ဒေါ်ရှယ်သဲဒီ၊ဦးစောဘာဘလု။

THREE STAR
Air-Con,
ရေခဲသေတ္တာ
တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်ရေး
Good Second Air-Con
များကို
ဈေးနှုန်းအထူးချိုသာစွာဖြင့်
ရောင်းချပေးနေပါသည်။
ဖုန်း-၇၀၅၇၈၄။

အမွေပြတ်သွားနုတ္တသားအဖြစ် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့ပိုင် သန်လျင်မြို့အောင်ချမ်းသာကုန်းထိပ်ရှိ ကေကေမိုးဟိန်းကား၊ စက်ဘီး၊ လျှပ်စစ်ပစ္စည်းဆိုင်တွင် ကျွန်ုပ်တို့က မေတ္တာဖြင့် လုပ်ကိုင်စားသောက်ခွင့်ပြုထားသည့် သားဖြစ်သူ မောင်မိုးဟိန်း ၁၂/သလန(နိုင်) ၀၃၅၇၅၂ သည် မိဘတို့၏ ဆိုဆုံးမမှုကိုနားမထောင်ဘဲ မိဘ စိတ်ဆင်းရဲစေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန် အမျိုးမျိုးလိမ်လည်ပြောဆိုလုပ်ကိုင်ခဲ့ပြီး ခွင့်မလွှတ်နိုင်သော စော်ကားပြောဆိုခြင်းစသည့် အပြုအမူများပြုလုပ်ခဲ့ပါသဖြင့် ၇-၉-၂၀၀၄ ရက်မှစ၍ သွားနုတ္တသားအဖြစ် ကြေညာအပ်ပါသည်။
ၾငင်းနှင့်ပတ်သက်သောကိစ္စရပ်များအားလုံးကို လုံးဝတာဝန်မယူပါ။
ဦးတင်မောင်ဆွေ ၈/မထန(နိုင်)၀၁၃၂၃၇
ဒေါ်ခင်ဆွေတင် ၁၂/သလန(နိုင်) ၀၃၅၇၃၄၊
အမှတ်(၂) မြို့မတောင်ရပ်ကွက်၊ သန်လျင်မြို့။

ဝမ်းနည်းကြေကွဲခြင်း

မြောင်းမြမြို့ ကြင်မိသားစု ဆားစက်မှ ဦးစိုးလွင်-ဒေါ်မေသီတာအောင်တို့၏ဖခင် ဗိုလ်မှူးအောင်သန်း(ငြိမ်း) အသက်(၇၁)နှစ်သည် ၁၆-၉-၂၀၀၄ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်ကြောင်း သိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။
မြောင်းမြမြို့ ဆားစက်လုပ်ငန်းရှင်များအသင်း။

(၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဦးကျော်မင်း (အကြီးတန်းအင်ဂျင်နီယာ)
လက်ထောက်နယ်မြေ အင်ဂျင်နီယာ(ငြိမ်း)

ဦးကျော်မင်း၊ စက်မှုစိုက်ပျိုး သက်မွေးပညာဦးစီးဌာန၊ အထက်မြန်မာပြည်၊ မန္တလေးမြို့အား ရည်စူး၍ (၃)နှစ်ပြည့်မြောက်သည့်အတွက် ၁၉-၉-၂၀၀၄ရက်တွင် မန္တလေးမြို့ မဟာဝိဇိတာရုံစာသင်တိုက်မှ ဝါဆိုသံဃာ အပါး ၂၁၀ အား နေ့ဆွမ်းဆက်ကပ်ခြင်း၊ သံဃာတော်အရှင် သူမြတ်တို့အား ပရိက္ခရာရှစ်ပါးနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ ဆက်ကပ် လှူဒါန်းပူဇော်ခြင်း ကုသိုလ်ကောင်းမှုအစုစု အတွက် အမျှပေးဝေပါသည်။ အမျှ-အမျှ-အမျှ။
ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။
ဇနီး ဒေါ်ညွန့်ညွန့်နှင့် သားသမီး၊ မြေးတစ်စု။

ကျေးဇူးတင်ရှိခြင်း
ဒေါ်တင်အေး
အသက်(၈၃)နှစ်

ကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်အေး အသက်(၈၃)နှစ် နာမကျန်းဖြစ်စဉ်ကာလတစ်လျှောက် စေတနာမေတ္တာဖြင့် ဂရုတစိုက်ကုသပေးခဲ့သော ဆရာဝန်ကြီးများ၊ ရွှေဂုံတိုင်အထူးကုဆေးခန်း၊ တက္ကသိုလ်ရိပ်သာ အထူးကုဆေးခန်း၊ ဓိဝိတဒါနဆေးရုံ၊ နှင်းဆီကုန်းအထူးကု ဆေးခန်းများမှ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများ၊ နှစ်သိမ့်အားပေးခဲ့သော ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနများမှ အကြီးအကဲများ၊ ဆရာဝန်ကြီးများ၊ ဝန်ထမ်းများ၊ ဆေးတက္ကသိုလ်(၂)၊ ဆေးတက္ကသိုလ်(၁)၊ တပ်မတော်ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဌာနအသီးသီးမှ ဆရာဝန်ကြီးများ၊ ဝန်ထမ်းများ၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ စံပြဆေးရုံကြီး၊ အင်းစိန်ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ ဆေးပညာဌာနများနှင့် ကျန်ဌာနများမှ ဆရာဝန်ကြီးများ၊ ဝန်ထမ်းများ၊ အကောက်ခွန်ဦးစီးဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ အမျိုးသမီး အား/ကာအဖွဲ့ချုပ် မြန်မာနိုင်ငံ၊ တက္ကသိုလ်များခြေလျင်နှင့်တောင်တက်အသင်း၊ မြန်မာ့သစ်လုပ်ငန်းမှ အရာထမ်း၊အမှုထမ်းများ၊ Rpmm Marketing Division မှလုပ်ဖော်ကိုင်ဖက်များ၊ M.A.C မှ MDနှင့် ဝန်ထမ်းများ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ ဝန်ထမ်းများ၊ ပြည်တွင်းပြည်ပ၊ ရပ်နီးရပ်ဝေးမှ ဝမ်းနည်းကြောင်းသတင်းနှင့် အားပေးနှစ်သိမ့်စကားပြောကြားခဲ့သူများ၊ လွမ်းသူ့ပန်းခွေ၊ပန်းခြင်းပေးပို့ကြသူများနှင့်အဖွဲ့အစည်းများ၊ ဈာပနသို့လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးကို ကျေးဇူးတင်ရှိအပ်ပါသည်။ (တစ်ဦးချင်းအား ကျေးဇူးတင်ကြောင်း မပြောကြားနိုင်သည်ကို ခွင့်လွှတ်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။)
ကျန်ရစ်သူသားသမီး၊မြေး၊မြစ်များ။

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏သမီးဖြစ်သူ မစန္ဒာသောင်း ၅/ဗမန(နိုင်) ၀၀၁၈၂၅ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘော ဆန္ဒအလျောက် နေအိမ်မှ အပြီးအပိုင် ထွက်ခွာသွားခဲ့ပြီး၊ ယနေ့မှစ၍ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝသည် မိဘများနှင့် မည်သို့မျှ မသက်ဆိုင်တော့ကြောင်းနှင့် ၎င်းအား အမွေစား အမွေခံ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။
ဦးမြသောင်း(ဖခင်)
၅/ဗမန(နိုင်)၀၃၂၆၁၅
ဗိုလ်တထောင်ရပ်ကွက်၊
ဗန်းမောက်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
စစ်တွေတက္ကသိုလ်

တတိယအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ စစ်တွေတက္ကသိုလ်မှ အောက်ပါပညာသင်နှစ်များတွင် (ဘွဲ့)စာမေးပွဲ အောင်မြင်ပြီးသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် သို့မဟုတ် အဝေးရောက် ဘွဲ့ယူရန် ၂၀၀၄ခု အောက်တိုဘာလ (၁)ရက်နေ့မှ အောက်တိုဘာလ (၂၉)ရက်နေ့အတွင်း လျှောက်ထားနိုင်ကြပါသည်။

(က) ၂၀၀၁-၂၀၀၂ ပညာသင်နှစ်တွင် ဂုဏ်ထူးတန်း(ဘွဲ့) စာမေးပွဲ အောင်မြင်သူများ

(ခ) ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် ရိုးရိုးဘွဲ့ (၁၉၉၆ အောင်)၊ (၁၉၉၇ အောင်)နှင့် မဟာဘွဲ့စာမေးပွဲ အောင်မြင်သူများ

(ဂ) ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ရိုးရိုးဘွဲ့ (၁၉၉၈ အောင်)၊ (၁၉၉၉အောင်)၊ ဂုဏ်ထူးတန်းဘွဲ့ (၁၉၉၆အောင်)မဟာဘွဲ့နှင့် မဟာသုတေသနဘွဲ့ စာမေးပွဲအောင်မြင်သူများ

၂။ စစ်တွေတက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းဌာနမှ သတ်မှတ်လျှောက်လွှာပုံစံကို ရယူဖြည့်စွက်ပြီး မကြာမီကရိုက်ကူးထားသော ၂လက်မ x တစ်လက်မခွဲ အရွယ်ဓာတ်ပုံ (၂)ပုံ ၊ မှတ်ပုံတင်မိတ္တူတို့နှင့်အတူ လျှောက်ထားရမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်မည် သို့မဟုတ် အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ တက်ရောက်ရန်လျှောက်ထားပြီး ပျက်ကွက်ပါက အဝေးရောက်ဘွဲ့နှင့်အတူ ဘွဲ့လက်မှတ်ထုတ်ပေးပါမည်။ ယခင်ပညာသင်နှစ်များက ဘွဲ့ရပြီးသူများ အဝေးရောက်သာ လျှောက်ထားနိုင်ပါသည်။

၄။ တက်ရောက်ဘွဲ့နှင်းသဘင်ကြေးမှာ ၁၅၀၀ိ/-ဖြစ်ပြီး အဝေးရောက်ဘွဲ့နှင်းသဘင်ကြေးမှာ ၁၀၀၀ိ/-ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကြေးကို စစ်တွေတက္ကသိုလ် ငွေလက်ခံဌာနတွင် လူကိုယ်တိုင်ပေးသွင်းနိုင်ပါသည်။ နယ်မှ ပေးသွင်းလိုပါက စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပါမောက္ခချုပ်၊ စစ်တွေတက္ကသိုလ်သို့လိပ်မူပြီး ပေးသွင်းနိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် **ဘွဲ့နှင်းသဘင်ကြေး** ဟု ဖော်ပြပြီး လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ဘွဲ့၊ ခုနှစ်၊လ စသည်တို့ကို တိကျစွာဖော်ပြရမည်။

၅။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အစီအစဉ်အသေးစိတ်ကို ထပ်မံကြေညာပါမည်။

ခင်လွင်
မော်ကွန်းထိန်း
စာမေးပွဲနှင့် ဘွဲ့နှင်းဌာန၊
စစ်တွေတက္ကသိုလ်။

ရောင်းချရန် ကြော်ငြာစာ

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး (၉)ရုံး
၂၀၀၄ ခုနှစ် တရားမဇာရီမှုအမှတ် ၅၃

ဦးခင်ထွန်း **နှင့်** ၁။ ဦးကြီးမြင့်
၂။ ဦးအောင်နိုင်
၃၊ ဦးမျိုးမြင့်
၄။ ဒေါ်ကြည်ကြည်သိန်း

တရားနိုင် **တရားရှုံးများ**

၂၀၀၃ ခုနှစ် တရားမကြီးမှု အမှတ် ၂၂၇ တွင် အမွေပုံပစ္စည်းအတွက် ဒီကရီအတည်ပြုရာ၌ တရားရှုံး ဦးမျိုးမြင့်၊ ဒေါ်ကြည်ကြည်သိန်းတို့ နေထိုင်သော အောက်ဖော်ပြပါ မြေနှင့်အဆောက်အအုံကို ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၀ရက် နံနက် ၁၀နာရီအချိန်တွင် အမွေပုံပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း ဆွဲဝယ်နိုင်ကြကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချရာ၌ စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးတော်သို့ ကြေညာချက်များအရ သိရှိသမျှဖြစ်ပြီး မှားယွင်းကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော်လည်း အမြင့်ဆုံးပေးသည့်ဈေးမှာ ရောင်းချမည့်ပစ္စည်းအတွက် လက်ခံရန်မသင့်လျော်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံ ငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်နိုင်ခွင့်ရှိသည်။

၅။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေတစ်ရာကျပ်တွင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ရက်ကိုဖယ်၍ ၁၅ ရက်မြောက်သောနေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်သောနေ့ရက်သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာကို ထုတ်ပေးလိုက်သည်။

အောင်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၉)
ရန်ကုန်တိုင်းတရားရုံး။

ပစ္စည်းစာရင်း

၁။ ရန်ကုန်တိုင်း၊ တာမွေတိုက်နယ်၊ (ဗဟန်းမြို့နယ်) ဆရာစံ(မြောက်) ~~အ/~~ ၆၄/ဏ နောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ ဒီ၊ မြေပိုင်မြေ၊ မြေကွက်အမှတ် (၁၆)၊ ဧရိယာ ၀ ဒသမ ၀၃၁ ဧက(အလျား ၄၅ ပေ X အနံ ပေ ၃၀)ရှိ မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး၊ပျဉ်ကာ၊တစ်ထပ်အိမ် အမှတ်(၁၄)တို့၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

အရှေ့လားသော် - နောက်ဖေးလမ်းကြား
အနောက်လားသော် - (၂)လမ်း(သီရိဂုဏ်ရည်)
တောင်လားသော် - ပေ ၃၀ လမ်းကျယ်
မြောက်လားသော် - အကွက်အမှတ် ၁၇။

ယင်းမြေနှင့်အဆောက်အအုံတွင် တရားရှုံး ဦးမျိုးမြင့်၊ ဒေါ်ကြည်ကြည်သိန်းတို့ မိသားစုများ နေထိုင်လျက်ရှိပါသည်။

ကြမ်းခင်းဈေး

အမွေပုံမြေနှင့် အဆောက်အအုံ - ၃၅၀၀၀၀၀ိ/-
(ကျပ်သိန်းသုံးရာငါးဆယ်)







အမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

တနင်္သာရီတိုင်း၊ ယုဇနဆီအုန်းစိုက်ပျိုးရေးတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

၁။ M.B.,B.S (လစာကောင်းမည်) (၁၀)ဦး နေထိုင်စားသောက်စရိတ် တာဝန်ယူမည်။ လျှောက်လွှာများကို ယုဇနစင်တာ(တတိယထပ်) အမှတ် ၁၃၀၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၃၀-၉-၂၀၀၄ ရက် နောက်ဆုံးထားပြီး အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ လိုအပ်သော အထောက်အထားများယူ၍ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေ အမိန့် ၅ နည်းဥပဒေ ၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှု အမှတ်-၂၀၃၇

အာရှဓနဘဏ်လီမိတက် (တရုတ်တန်းဘဏ်ခွဲ) (၎င်းကိုယ်စားဦးတင်ဝင်း) မန်နေဂျာ၊ ချေးငွေဌာန အာရှဓနဘဏ်လီမိတက်(ရုံးချုပ်) ရန်ကုန်မြို့။

နှင့်

မြန်မာချွမ်ဒင်းပလတ်စတစ်အင်ဒတ်စထရီး လီမိတက်(၎င်း၏ကိုယ်စား)
၁။ ဦးစိန်မြင့်(မန်နေဂျင်းဒါရိုက်တာ) အမှတ်(ဂျေ-၇၃)ယုဇနလမ်း၊ဘုရင့်နောင်ပွဲရုံတန်း၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
၂။ ဦးလွင်ဦး (ဒါရိုက်တာ) အမှတ်၇၊ဘုရင့်နောင်လမ်း၊ဦးစံဖေရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။
၃။ ဒေါ်အေးအေးခိုင်(ဒါရိုက်တာ) အမှတ် ၇၀၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်လမ်းထောင့်၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၄။ ဦးသစ်လွင် (ဒါရိုက်တာ) အမှတ်၇၊ဘုရင့်နောင်လမ်း၊ဦးစံဖေရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။
၅။ ဒေါ်ဝင်းဝင်းအေး(ဒါရိုက်တာ) အမှတ်၇၈၁/၇၈၂၊သံလွင်လမ်း၊ (၆၃)ရပ်ကွက်၊ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။
၆။ ဒေါ်မြတ်သန္တာ (ဒါရိုက်တာ) အမှတ် ၇၃၊ယုဇနလမ်း၊ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။

တရားလို **တရားပြိုင်များ**

တရားပြိုင်များ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလိုက "ဘဏ်ချေးငွေကျပ် ၆၈၄၆၈၄၁.၆၄အတွက် အပေါင်ဒီကရီရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက် (၁၃၆၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၂ ရက်)နေ့ မွန်းမတည့်မီ နံနက် ၉:၃၀ နာရီအချိန်တွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်ကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများကကြည့်ရှုလိုသည့် စာရွက်စာတမ်းများ သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးသန့်
တွဲဖက်တိုင်းတရားသူကြီး(၄)
ရန်ကုန်တိုင်းတရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ်၊ ၃၅/၂၀၀၄
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်)

လျှောက်လွှာခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများအလိုရှိပါသည်။

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	လက်ထောက်မန်နေဂျာ (စီမံကိန်းဌာနနှင့် စီမံရေးရာဌာန)	ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)သို့မဟုတ် စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ)သို့မဟုတ် စီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ)သို့မဟုတ် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ သို့မဟုတ် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာဘွဲ့ သို့မဟုတ် ကွန်ပျူတာသိပ္ပံဘွဲ့	၈ နေရာ
(ခ)	လက်ထောက်မန်နေဂျာ (ဟိုတယ်လုပ်ငန်းဌာန)	ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) သို့မဟုတ် ဝါဏိဇ္ဇဘွဲ့ရရှိသူ (အမျိုးသား)	၅ နေရာ
(ဂ)	လက်ထောက်မန်နေဂျာ (ခရီးသွားလုပ်ငန်းဌာန)	ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) သို့မဟုတ် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး နိုင်ငံခြားဘာသာသင် တက္ကသိုလ်မှ နိုင်ငံခြားဘာသာ ဒီပလိုမာ တစ်ခုခုရရှိသူ (အမျိုးသား)	၃ နေရာ
(ဃ)	လက်ထောက်မန်နေဂျာ (ယမကာလုပ်ငန်းဌာန)	ဝိဇ္ဇာဘွဲ့(စီးပွားရေး) သို့မဟုတ် စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) သို့မဟုတ် စီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ) (အမျိုးသား)	၄ နေရာ

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၁၁-၁၀-၂၀၀၄ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက်မကျော်လွန်သူဖြစ်ရမည်။

(ဂ) လက်ထောက်မန်နေဂျာ (ဟိုတယ်လုပ်ငန်းဌာန)၊ (ခရီးသွားလုပ်ငန်းဌာန)နှင့် (ယမကာလုပ်ငန်းဌာန) ရာထူးများအတွက် အမျိုးသားဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၁-၁၀-၂၀၀၄ နေ့ အရောက်ပေးပို့ရမည်။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၂၀ိ/-ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာ သီးခြားတစ်စောင်စီ တင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၂၀ိ/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်၊ ၁/၉၁ ဖြင့်ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၆။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲ စာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး** ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၁-၁၀-၂၀၀၄နေ့ အရောက်ပေးပို့ရမည်။ လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၈။ ၁၃-၁၁-၂၀၀၄ နေ့နှင့် ၁၄-၁၁-၂၀၀၄ နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကျင်းပမည်။ ၁၁-၁၁-၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၉။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(၃၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

၁၀။ ဤကြော်ငြာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website လိပ်စာ csstb. imis. com. mm တွင်လည်း ဖော်ပြထားပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၅၊ လူနေရပ်ကွက်အမှတ်(ကံဘဲ့) မြေကွက်အမှတ် (၈၇/င)၊ မြေအကျယ် ၀ဒသမ၂၂၉ ဧကရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၅၊ ပြည်သာယာလမ်း၊ ၁၆ ရပ်ကွက်၊ ရန်ကင်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံဟောင်းနှင့် အကျိုးခံစားခွင့်များကို နှစ်(၆၀) မြေငှားဂရန် အမည်ပေါက်သူများနှင့် အမွေဆက်ခံခွင့်ရှိသူများထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စရပ်ကို တစ်စုံတစ်ရာအကျိုးသက်ဆိုင်ခြင်းရှိ၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာယူဆောင်၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးလှမြင့်(ဒဂုံ) စဥ်-၉၀၁၂
အထက်တန်းရှေ့နေ
အမှတ် ၇၂၊ ၅ လွှာ၊ စမ်းချောင်းလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၃၄၃၆၉၊၂၀၄၀၅၈။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်မီမီလှိုင်၏သား ဖြိုးဝေပိုင်(ခ) အီဘရာဟင်သည် မိဘ၊ ညီအစ်ကို၊ မောင်နှမများ အပေါ်တွင် ခွင့်မလွှတ်နိုင်သော လုပ်ရပ်များ ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဒေါ်မီမီလှိုင် BHN -၀၂၃၂၀၉။

အထက(၂)ဗဟန်း(နန်ယန်)ကျောင်းသား/ သူဟောင်းများ၏

သတ္တမအကြိမ် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး

ညှိနှိုင်းအစည်းအဝေးဖိတ်ကြားခြင်း

ကျွန်တော် ကျွန်မတို့၏ ဘဝများကို တောက်ပြောင်လာစေရန် မိဘများနှင့်ပူးပေါင်းကာ ဆရာ့ဝတ်ကျေပွန်စွာဖြင့် လမ်းညွှန်ပြသ၊ ပဲ့ပြင်ဆုံးမပေးခဲ့ကြပါသော သက်ပြည့်အငြိမ်းစားဆရာကြီး ဆရာမကြီးများအား တွေ့ဆုံဂါရဝပြုကန်တော့လိုပါသောကြောင့် အထက်ဖော်ပြပါ ရည်ရွယ်ချက်နှင့်အာသီသတို့ကို အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ အထက(၂)ဗဟန်း(နန်ယန်)တွင် ပညာသင်ယူခဲ့ကြသော ၁၉၆၆-၂၀၀၄ ကျောင်းသား/သူဟောင်း ညီအစ်ကိုမောင်နှမများအားလုံး တက်ရောက် ညှိနှိုင်းဆွေးနွေးပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - **၂၆-၉-၂၀၀၄ (တနင်္ဂနွေနေ့)**
ကျင်းပမည့်အချိန် - **နံနက် ၁၁:၀၀ နာရီ**
ကျင်းပမည့်နေရာ - **အထက(၂)ဗဟန်းကျောင်း (စည်းဝေးခန်းမ)**

အမှုဆောင်အဖွဲ့။

လူပျောက်ကြော်ငြာ

ကျွန်တော်၏ဖခင် ဓာတ်ပုံရှင် ဦးမောင်ဟုန် (၆၆)နှစ်သည် ၂၅-၇-၂၀၀၄ရက်တွင် နေအိမ်မှပျောက်သွားရာ ယနေ့တိုင် ပြန်လည်မတွေ့ရှိသဖြင့် တွေ့ရှိပါက အကြောင်းကြား ပို့ပေးသူအား ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန် - ဦးသန်းဦး-ဒေါ်တင်တင်မိုး
အမှတ်-၁၃၀၆၊ ရွှေလက်လှလမ်း၊ ရွှေလက်လှရပ်ကွက်၊ ပြည်မြို့။
ဖုန်း-၀၅၃-၂၂၀၄၅၊ ၂၅၆၁၆၊ ၂၄၈၇၅၊ ၂၄၈၉၄။



စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂။

ဦးချစ်ဆွေ(ခ)ကောင်ဖတ်စီ

(ဒေါ်ဌေး ဦးထုပ်ဆိုင်၊စတားဘရားသား ဦးထုပ်ဆိုင်၊ ရှုပါစတားအထည်ဆိုင်၊ ဝမ်းစတားအထည်ဆိုင်)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ၂၁ လမ်း၊ အမှတ် ၁၁၆ နေ (ကောင်မေနူ-ကြောင်ညွှန့်ကျူး)တို့၏သားကြီး၊ (ဒေါ်မိဌေး)၏ခင်ပွန်း၊ ဒေါ်တင်ကြည်-ဦးအောင်ထွန်း(အောင်ကျော်လင်းစတိုး)၊ဦးသံချောင်း-ဒေါ်ရီရီဌေး (ရန်ကုန်ပဲဆီသန့်)၊ ဒေါ်တင်မြင့်-ဦးဇော်မင်း(မင်္ဂလာကုမ္ပဏီလီမိတက်)၊ ဦးတင်ညွှန့်-(ဒေါ်ကြည်ကြည်ဝင်း)၊ ဦးလှသန်း-ဒေါ်သူဇာမိုး၊ ဦးကြည်ဝင်း-ဒေါ်သက်ရီစိန်တို့၏ဖခင်ကြီး၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၁၉-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁၂:၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒါယကာကြီး

ဦးတင်အောင်(ခ)ဦးပါ

(မြတ် လက်ဆောင်ကတ်နှင့်စာပေထုတ်ဝေရေး)

အသက်(၈၀)

(ဦးဘိုးရင်-ဒေါ်မမကြီး)တို့၏သားထွေး၊ (ဦးတင်နွယ်-ဒေါ်ခင်မြင့်)တို့၏သားသမက်၊ ဦးချစ်လွင်-ဒေါ်ခင်ခင်၊ ဦးတင်မောင်-ဒေါ်ရှုကြည်တို့၏ညီ/မောင်၊ ဦးဝင်းဇော်-ဒေါ်မြတ်သွယ်၊ ဦးမျိုးကျော်အောင် (2/0 Ocean, Tanker)-ဒေါ်ဝင်းဝါ၊ ဦးအောင်ကျော်ဦး-ဒေါ်ခင်စောလှဲ့၊ ဆရာသွယ်-ဒေါ်သင်းသင်းလှဲ့၊ (ဦးနေစိုးအောင်)-ဒေါ်သက်သက်အောင်၊ ဦးအောင်ကျော်ဇော-ဒေါ်ရီရီဝင်းတို့၏ဖခင်၊ မြေး ၁၂ ယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ မာဃ(A)လမ်း၊ အမှတ် ၇၄နေ ဒေါ်ခင်သိန်းနွယ်(ခ)ဒေါ်ကြူကြူ၏ခင်ပွန်းသည် ၁၆-၉-၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၉:၄၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးထွန်း အသက်(၄၀)

သံလွင်တံတား(မော်လမြိုင်)စီမံကိန်းမှ ဦးမျိုးထွန်း [အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြ]သည် ၁၆-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အင်ဂျင်နီယာမှူးနှင့်အင်ဂျင်နီယာဝန်ထမ်းများ
သံလွင်တံတား(မော်လမြိုင်)စီမံကိန်း၊မော်လမြိုင်ဘက်ကမ်း။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး

ဒေါ်မြသွင် (မော်လမြိုင်)

အသက်(၈၆)နှစ်

(ဦးဘလူ-ဒေါ်သန်းတင်)တို့၏သမီး၊ (ဦးထွန်းလွင်)၏ဇနီး၊ ဗိုလ်မှူးဝင်းကျော်(ငြိမ်း) [အတွင်းရေးမှူး၊ ဗဟန်းမြို့နယ်(စထပ)]-ဒေါ်ဌေးဌေးဝင်း၊ (ဦးမြင့်အောင်)-ဒေါ်တင်မိုးအေး၊ ဒေါက်တာမြင့်ဆွေ-ဒေါ်မာလာနွယ်၊ ဒေါက်တာဌေးလွင်-ဒေါ်စိုးမာ၊ ဒေါ်ခင်ဌေးလွင်၊ ဦးလှသွင် (သိပ္ပံပစ္စည်းစက်ရုံ)-ဒေါ်ခင်သန်းလွင်၊ ဦးစိုးမြင့်(ကျောင်းအုပ်ကြီး၊ အင်းစိန်၊ ဂျီတီအိုင်)-ဒေါ်မူမူလွင်တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၁၉-၉-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၉-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်ချစ်ရင်(ခ)

ရာဘီယာဘီဘီ (မြောင်းမြ)

(အငြိမ်းစားကျောင်းဆရာမကြီး)

အသက်(၉၀)

မြောင်းမြမြို့၊ သိပ္ပံလမ်း၊ အမှတ် ၄၅ နေ ဦးထွန်းမောင်ဦး-ဒေါ်အမာဖြူတို့၏သမီး၊ (ဆရာမကြီးဒေါ်မြဦး)၏ညီမ၊ (ဦးအုန်းမောင်) - ဒေါ်ခင်ခင်၊ (ဦးနုစ်-ဒေါ်ခင်လေး)၊ (ဦးတင်ညွှန့်)-ဒေါ်ခင်ဖူး၊ (ဦးဝင်းမြင့်-ဒေါ်ခင်သန်းနွဲ့)၊(ဦးထွန်းဝေ)-တို့၏အစ်မ၊ တူ တူမ ၁၇ယောက်တို့၏အဒေါ်သည် ၁၈-၉-၂၀၀၄ရက် ညနေ ၅:၃၀ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၁၉-၉-၂၀၀၄ရက် မွန်းလွဲ ၁:၃၀ နာရီတွင် မြောင်းမြကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးသန့်ဇင်

သူနာပြုဆရာကြီး(ငြိမ်း)

(စိတ်ရောဂါအထူးကု၊ရန်ကုန်)

အသက်(၆၄)နှစ်

ဦးဘိုးညှာ-ဒေါ်မဆိတ်တို့၏သား၊ ဦးတင်-(ဒေါ်တင်ရှိန်)တို့၏မောင်၊ဦးမျိုးဝင်း-ဒေါ်တင်ရီ၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်နှင်းဆီတို့၏ဦးလေး၊ မောင်ရာဇာမျိုးဝင်း၊ မအေးမြတ်မျိုးတို့၏အဘိုးသည် ၁၉-၉-၂၀၀၄ရက် နံနက် ၃ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [မြန်မာနိုင်ငံသူနာပြုအသင်း(အေးရိပ်ငြိမ်၊ တောင်ဒဂုံ) နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

ဦးငွေသန်း

အသက်(၆၁)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၉(ခ)ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၁၀ နေ (ဦးတင်လှ-ဒေါ်အုန်းကြည်)တို့၏သား၊ဒေါ်လှသန်း၏ခင်ပွန်း၊ ကိုကြည်လွင်-မယု၊ ကိုငယ်လေး-မဝါ၊ ကိုကို-အေးပို၊ ကိုမြင့်ဦး-မာမာ၊ အောင်လေး-ဇင်ဇင်ဦးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည်၁၈-၉-၂၀၀၄ရက်(စနေနေ့) ညနေ ၄ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး

ဒေါ်လှဘူး

အသက်(၁၀၂)နှစ်

(ဦးရေချမ်း-ဒေါ်မယ်ပန်)တို့၏သမီးကြီး၊ (ဦးနတ်ဘေး-ဒေါ်ထွေး)တို့၏သမီးချွေးမ၊ အမှတ် ၄၄၆၊ ဇာနည် ၁၂ လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ(ဦးထွန်းအေး)၏ဇနီး၊ (ဦးစိန်မြ)-ဒေါ်စန်းမြင့်၊ ဦးချစ်ဆွေ-(ဒေါ်စိန်မြင့်)၊ဦးဝမ်းတင်-ဒေါ်လှအေးတို့၏မိခင်၊ ကိုသန်းညွှန့်-မညိုညိုငြိမ်း၊ကိုမိုးကျော်၊ ကိုသန်းနိုင်-မစန်းသူဇာ၊ ကိုသော်ဦး-မသန်းသန်းမြင့်၊ ကိုကျော်နိုင်ဦး-မသော်တာစန်း၊ကိုခိုင်ဝင်း၊မောင်သန့်ဇင်၊ မောင်နေဇာဝမ်း၊ မခင်အုန်းမြင့်၊ ကိုတင်မောင်ရွှေတို့၏အဘွား၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၁၉-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၀၄ ရက်(အင်္ဂါနေ့)တွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်အုံးမြင့်

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၂၅၊ အနောက်မြင်းပြိုင်ကွင်းလမ်းနေ (ဦးစံချိန် - ဒေါ်သန်းတင်)တို့၏သမီး၊ (ဦးသက်ရှည်-ဒေါ်မယ်မှိ)တို့၏ သမီးချွေးမ၊ ဦးခင်အောင် (လ/ထ စက်ရုံမှူး၊ ငြိမ်း၊ စက်မှုစက္ကူဓာတု)၏ဇနီး၊ ဒေါ်ခိုင်ခိုင်စိမ်း(အလုပ်ရုံခွဲမှူး၊အရှေ့မရမ်းကုန်းအထည်စက်ရုံ-၂)-ဦးအောင်ဖုန်းအောင် (ရန်ကုန်လေကြောင်း)၊ ဦးမျိုးမြင့်အောင် - ဒုရဲအုပ်သူဇာလွင်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား၊ဦးမြင့်သိန်း (မြေတိုင်းဦးစီး၊ငြိမ်း)၏ညီမ၊ ဦးလှဦး-ဒေါ်စန်းနွဲ့(နိဗ္ဗာန်ကုန်)၊ ဒေါ်ခင်မေ-ဦးလှတင်(ဆောက်လုပ်ရေး)၊ ဒေါ်လှလှဌေး(အလုပ်ရုံခွဲမှူး၊ဓာတ်ငွေ့-၁)-ဦးတင်ထူးအောင်(တပ်မတော်-ရေ)တို့၏အစ်မသည်၁၈-၉-၂၀၀၄ရက်(စနေနေ့)ညနေ ၆:၁၀နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၀၄ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမျိုးထွန်း (စစ်တွေ)

အငယ်တန်းအင်ဂျင်နီယာ-၂၊ (မြို့ပြ)

A.G.T.I(Civil) ၁၉၈၄

သံလွင်တံတားစီမံကိန်း(မော်လမြိုင်ဘက်ကမ်း)

အသက်(၄၀)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ တိုက်အမှတ် ၃၊မအူပင်လမ်းနေ(ဦးသိန်းထွန်း၊ လ/ထအင်ဂျင်နီယာ၊ လျှပ်စစ်)-ဒေါ်ခင်သန်းတို့၏သားလတ်၊ (ဦးကျော်ဇော) - ဒေါ်လှလှတို့၏သားသမက်၊ ဒေါ်အုန်းမေ၏တူသား၊ ရန်ကုန်မြို့၊ အမှတ် ၃၊ မြေညီထပ်(ခေါင်းရင်း)၊ မင်းညွှန့်လမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်လှခင်၏ခင်ပွန်း၊ မနှင်းဥရွှေရည် (တိုးတိုး) IDEC-16၊ မောင်ကောင်းမြတ်ကျော်(VII-H, TTC)တို့၏ဖခင်၊ စစ်တွေမြို့နေ ဦးစောဖေ-ဒေါ်မြခင်၊ ဦးအောင်ကျော်သောင်း - ဒေါ်မြမြစိုးတို့၏အစ်ကို၊ မခင်ဖူးဖူးခိုင်၊ မောင်ဖြိုးပိုင်စိုးတို့၏ဦးလေးသည် ၁၆-၉-၂၀၀၄ ရက်တွင်ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

တပ်ကြပ်မင်းမင်းဦး(ခ) အိုင်ဘီလီ (ငြိမ်း)

(တောင်ငူမြို့)

အသက်(၃၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၅၈၊ ၄၅ လမ်းနေ(ဦးလှမောင်-ဒေါ်တင်နု)တို့၏မြေးဦး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ အမှတ် ၈၁၊ ၁၂၅ လမ်းနေ (ဦးဘကျော်)-ဒေါ်မြသန်းတို့၏မြေးဦး၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ အမှတ် ၇၅၃၊ မာလာနွယ်လမ်း(ပထမထပ်)နေ ဦးဖေယျာမောင်-ဒေါ်ခင်မြင့်တို့၏သားကြီး၊ ဒေါ်ခင်စိုးလှ၊ ဦးတင်ဝင်း (လ/ထညွှန်မှူး၊ဟာသီတမြို့ဆည်မြောင်းဦးစီးဌာန)-ဒေါ်လှလှမို့၊ ဒေါက်တာမင်းအဲမွန်စိုး-ဒေါက်တာချစ်ချစ်လှ၊ဦးလှဌေးမောင်(IBC)-ဒေါ်ခိုင်ခိုင်ကျော်၊ဦးစိုးနိုင်-ဒေါ်လှမော်ဝင်း (သိဒ္ဓိအောင်ဆေးတိုက်)တို့၏တူသည် ၁၇-၉-၂၀၀၄ရက် (သောကြာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဂုဏာလင်္ကာရ

သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

မကွေးတိုင်း၊ ထီးလင်းမြို့နယ်၊ နွယ်ပျဉ်းရွာတောရကျောင်း ရွှေကျင်နိကာယ ရတ္တညူ မဟာနာယကဖြစ်တော်မူသော ဘဒ္ဒန္တ ဂုဏာလင်္ကာရသည် ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၅ ရက် (၁၈-၉-၂၀၀၄ရက်) စနေနေ့ ည ၉:၃၀နာရီတွင် ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၂)ရပ်ကွက်၊ မဟာဂန္ဓာရုံကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၉ ရက် (၂၂-၉-၂၀၀၄ရက်) သောကြာနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ ဈာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားပါသည်။

တပည့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ကုန္ဒောဘာသ

(မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ)

သက်တော်(၈၀)၊ သိက္ခာတော်(၄၉)ဝါ

ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နယ်၊ အလယ်ပိုင်းရပ်ကွက်၊ တံတားဦးကျောင်းတိုက်၏ပဓာနနာယကဆရာတော်၊ မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ပရိယတ္တိသာသနာ့နုဂ္ဂဟအသင်းစာပြန်ပွဲကြီး၏ဩဝါဒါစရိယ၊ ရွှေမြင်တင်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ကုန္ဒောဘာသသည် ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၂ ရက် (၁၅-၉-၂၀၀၄ ရက်) နံနက် ၄:၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၈ ရက် (၂၁-၉-၂၀၀၄ရက်) အင်္ဂါနေ့တွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊
တံတားဦးကျောင်းတိုက်၊ပန်းတနော်မြို့။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ဥ (ညောင်တုန်း)

အသက်(၇၅)နှစ်

ညောင်တုန်းမြို့နေ (ဦးဘိုးညွှန့်-ဒေါ်လေး)တို့၏သမီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၅၆၊ ဇရာ ၇ လမ်း၊ (ည)ရပ်ကွက်နေ ဦးတင်မောင်၏ဇနီး၊ (ဒေါ်ခင်သန်းဝင်း)၊ ဦးတင်ဝင်း-ဒေါ်ခင်သန်းဆွေ၊ ဦးချို - ဒေါ်ခင်သန်းနွယ်၊ ဦးဇော်ဝင်း-ဒေါ်အေးအေးခိုင်၊ ဦးမြင့်အေး-ဒေါ်ချိုချိုနိုင်၊ ဦးနေဖုန်းမြတ်-ဒေါ်ပိုပိုခိုင်၊ ဦးဇော်မင်း-ဒေါ်ညိုညိုဝိုင်း၊ ဒေါ်ခင်မျိုးဝင်းတို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏အဘွားသည် ၁၈-၉-၂၀၀၄ရက်ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၀၄ရက် (တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးဘဦး(ခ)မောင်ကြီး

ရခိုင်ပြည်နယ် သ/မအသင်းစု(ငြိမ်း)

(စစ်တွေ)

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ နတ်မောက် ၃ လမ်း၊ အမှတ် ၁၅/ကနေ(ရဲဝန်ထောက် ဦးမောင်သာနို-ဒေါ်စိန်ပွင့်)တို့၏ သား၊ (ဦးမောင်ဦးကျော်-ဒေါ်မအုံး)တို့၏သားသမက်၊ ဒေါ်ခင်စောမြင့်(ခ)ဒေါ်မြင့်မြင့်ကြည်၏ခင်ပွန်း၊ ဦးခင်မောင်သန်း(ရွှေရောင်းဝယ်ရေး) - ဒေါ်သောင်းခင်ခင်၊ ဦးကြည်အေး(လ/ထ ကထိက၊ ပထဝီဝင်ဌာန၊ရန်ကုန်စီးပွားရေးတက္ကသိုလ်)-ဒေါ်ခင်သူဇာအောင်(လ/ထ ကထိက၊ ပထဝီဝင်ဌာန၊ဒဂုံတက္ကသိုလ်)၊ဦးအောင်သူ(Sunrise Marine)-မခင်သက်မူ(ခ)မစုစု၊ ကိုအောင်စိုးမိုး(B.Sc, Hon; Geol)-မချောစုထွေး(မှု/အုပ်၊အမက၊ ရွာသာအေး၊ သုံးခွ)တို့၏ဖခင်၊ မသဇင်ထက်၊ မခိုင်သဇင်ထက်၊ ငယ်ငယ်၊ ကျော်စွာခန့်၊ မီးမီးတို့၏အဘိုးရင်သည် ၁၈-၉-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မခင်ဆွေဝင်း

(စတုတ္ထတန်း၊အမက-၁၁၊ ဒဂုံတောင်) ညောင်ဦး၊ တက်မရွာ

အသက်(၁၀)နှစ်

ညောင်ဦးမြို့နယ်၊တက်မရွာနေ(ဦးမြမောင်-ဒေါ်ခင်)၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်းနေ ဦးဟန်တင်-ဒေါ်ဝင်းကြည်(အားမာန်ကဖီး)တို့၏မြေး၊ ဦးအောင်ငွေ-မလေးလေးမြင့်တို့၏သမီး၊ ဦးဆိုးပြောင်၊ဦးအုံးငွေ-ဒေါ်တရုတ်မ၊ ကိုဇော်-မဖြူမာဆွေ၊ ကိုဟန်ဝင်းထွန်း၊ မယုယုလှိုင်တို့၏တူမသည် ၁၉-၉-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁-၉-၂၀၀၄ရက် ညနေ ၃ နာရီတွင် ကြည်စုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(၇၁ရပ်ကွက်နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီး

တင့်ဆွေ (ငြိမ်း)

ဗိုလ်သင်တန်းအပတ်စဉ်(၃၂)

အသက်(၆၇)နှစ်

ရေးမြို့နယ်၊တောင်ဘုံရွာနေ(ဦးကျင်ဝှက်-ဒေါ်ငွေပွင့်)တို့၏သား၊ ဇန်းမော်ခရိုင်၊ စိန်လုံ မြို့နေ မြို့ပိုင်(ဦးလထွယ်-ဒေါ်လဆီးနူး) တို့၏ သားသမက်၊ ရွှေပြည်သာမြို့နယ်၊ အမှတ်၂၉/၁၄၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ [ဒေါ်လီလီ ဆွေ(ခ)ဒေါ်ဖော်ယမ်ကော့ဖန်]၏ခင်ပွန်း၊ ဦးနော်လောန်-ဒေါ်သန္တာဆွေ(လ/ထ ကထိက၊ ရက္ခဗေဒဌာန၊ မအူပင်တက္ကသိုလ်)၊ ဦးဇော်မိုးသန့်-ဒေါ်ဆွေဆွေတင့် (ရွှေသစ်ဦးရောင်းဝယ်ရေး၊ ဘုရင့်နောင်)၊ ကိုဇော်မိုင် [B.Tech (Civil), Zamil Steel Co.,Ltd.]- ဒေါက်တာလနန်ဂျာဆန်(လ/ထဆရာဝန်၊ ပြည်သူ့ဆေးရုံကြီး၊ ဇန်းမော်မြို့)တို့၏ဖခင်၊ မောင်မင်းရဲခန့်၊ မောင်ဝေယံဟိန်းသန့်၊ မောင်ကောင်းခန့်ဇော်တို့၏အဘိုးသည်၁၈-၉-၂၀၀၄ရက် (စနေနေ့)မွန်းလွဲ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၀၄ရက် (တနင်္လာနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ဖြူနု

(စကားမြားကျေးရွာ)

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၄ လမ်း၊ အမှတ် ၅၉ (အပေါ်ဆုံးထပ်)နေ (ဦးခင်ကြူးဝါး - ဒေါ်အုန်းမြိုင်)တို့၏ သမီး၊ ဦးခဲဝမ်-ဒေါ်တင်ရွှေတို့၏ညီမ၊ ဦးမောင်မောင်-(ဒေါ်ကျင်ရီ)၊ ဦးမြင့်အောင်-ဒေါ်ကျင်ပို့၊ ဦးသက်ဝင်း-ဒေါ်သန်းသန်းနုတို့၏အစ်မသည် ၁၈-၉-၂၀၀၄ရက် (စနေနေ့)နံနက် ၃:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး

ဒေါ်မြမြဦး

(Wilma)

အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ မေခလမ်း၊ အမှတ် ၁၂(B)နေ (ဦးလှထွန်း-ဒေါ်သန်းမြ)တို့၏သမီး၊ (ဦးသိန်းရီ)-ဒေါ်သန်းမြင့်တို့၏သမီးချွေးမ၊ ဦးကိုဦး၏ဇနီး၊ (ကိုလမင်း)၊ ဗိုလ်ကြီးထိန်လင်းဦး၊ မမြထိုက်ဦး တို့၏မိခင်သည် ၁၈-၉-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ၂:၀၅နာရီတွင်ကွယ်လွန် ပါသဖြင့် ၂၀-၉-၂၀၀၄ရက် (တနင်္လာ နေ့)နံနက် ၁၀နာရီတွင် နေအိမ်မှရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ ၈ လမ်း၊ အမှတ် ၅၂နေ ဦးရဲမြင့် ၁၂/လမတ(နိုင်)၀၁၁၄၁၄သည် အောက်တွင်ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်(Trade Mark)နှင့်ကုန်အမှတ်အမည်(Trade Name)အမှတ်အသားကို တစ်ဦးတည်းမူပိုင် အသုံးပြုရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၄/၂၀၆၉/၂၀၀၄နှင့် ၄/၅၁၃၈/၂၀၀၄အရ မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

၄/၂၀၆၉/၂၀၀၄

၄/၅၁၃၈/၂၀၀၄

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် ကုန်အမှတ်အမည်ကိုအသုံးပြုလျက် လက်ဖက်စို၊ လက်ဖက်ခြောက်၊ ပဲကြော်စုံ၊ ပဲလှော်စုံတို့ကို ထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်၊ ထည့်သွင်းပစ္စည်းနှင့် ထုပ်ပိုးပစ္စည်းများပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးပေါ်တွင် ကပ်နှိပ်၍၊ ဖိနှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကုန်အမှတ်တံဆိပ်၊ ကုန်အမှတ်အမည်အမှတ်အသား၏တစ်ဦးတည်းမူပိုင်ဖြစ်သူ ဦးရဲမြင့်၏ အကျိုးစီးပွားကို နစ်နာစေရန်အတွက် ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ပုံတူကူးယူခြင်း၊ သွယ်ဝိုက်၍ အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်သုံးစွဲခြင်း၊ ၎င်းအမည်အမှတ်အသားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး လုံးဝ(လုံးဝ)မပြုလုပ်ကြရန် သတိပေးတားမြစ်လိုက်ပါသည်။ အကယ်၍ အတုအပပြုလုပ်ပြီး ဖြန့်ဖြူးရောင်းဝယ်၊ လက်ဝယ်ထားရှိသူမည်သူကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

သန်လျင် ဦးထွန်း L.L.B;D.B.L; D.M.L
; D.A psy
ဥပဒေအတိုင်ပင်ခံနှင့်တရားရုံးချုပ်ရှေ့နေ(စဉ်-၇၁၁၃)
အမှတ် ၈၃၊ အခန်း ၁၄၊ ပန်းဆိုးတန်းလမ်း၊ရန်ကုန်မြို့။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်း အတွင်းရေးမှူး(၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လှူဖွယ်ပစ္စည်းများတက်ရောက်ဆက်ကပ်

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၈ တိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ သာသနာ့ဗေယျမင်္ဂလာပရိယတ္တိစာသင်တိုက်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆရာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရအောင်ကို၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ *စာမျက်နှာ ၈ ကော်လံ ၁* ❒

အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၈ တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲတွင် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ခေါင်းကြီး၊ သတင်း၊ ဆောင်းပါးအညွှန်း

❒ ဒေသခံတိုင်းရင်းသားပြည်သူများက ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်သည်အထိ တက်တက်ကြွကြွ လက်တွဲပါဝင်ကြိုးပမ်းဆောင်ရွက်။
ခေါင်းကြီး (စာ-၂)

❒ ပြောက်ကျားစစ်ကြောင့် ကန်တပ်ဖွဲ့ဝင်များ စိတ်ဖိစီးမှုဝေဒနာခံစားနေကြရ။
နိုင်ငံတကာသတင်း (စာ-၄)

❒ စာကြည့်တိုက်မှ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတွေက ဗဟုသုတကျယ်ပြန့်စေပြီး ရွေးချယ်ခွင့်နှင့် မျှော်မှန်းချက်ကို မီးမောင်းထိုးပြခဲ့။
ချစ်နိုင်(စိတ်ပညာ)၏ ကျေးရွာစာကြည့်တိုက်များ၏အကျိုးကျေးဇူး
ဆောင်းပါး (စာ-၁၀)

ကမ္ဘာတစ်လွှားထူးထူးခြားခြား

နျူကလီးယားစွမ်းအင်နိယာမလေ့လာ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင်ရှိသော သိပ္ပံပြတိုက်သို့ သိပ္ပံပညာလေ့လာလိုက်စားသူများ နေ့စဉ်လာရောက်လေ့လာကြသည်။ ဆိုးလ်မြို့ သိပ္ပံပြတိုက်ရှိ နျူကလီးယားစွမ်းအင်နိယာမ သဘောတရားပုံကားချပ်ကို ကလေးငယ်တစ်ဦး ကြည့်ရှုလေ့လာနေစဉ်။ **(ယာပုံ)**

(ဓာတ်ပုံ-အင်တာနက်)

မှိုမျိုးနွယ်စိတ်လေ့လာ

ချက်နိုင်ငံ ပရာဟာမြို့တွင် မှိုမျိုးနွယ်စိတ်များကို ပြပွဲပြုလုပ်ကာ ခင်းကျင်းပြသခဲ့ရာ စုဆောင်းသူတစ်ဦး ကြည့်ရှုလေ့လာနေပုံဖြစ်သည်။ **(ဝဲပုံ)** ချက်နိုင်ငံသည် ကမ္ဘာတွင် မှိုမျိုးနွယ်စိတ်နှင့်ပတ်သက်၍ အရူးအမူး ဝါသနာအထုံဆုံး နိုင်ငံများတွင် ပါဝင်ရာ နှစ်စဉ် လူခုနစ်သန်း သို့မဟုတ် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် မှိုခူးထွက်လေ့ရှိကြသည်။

(ဓာတ်ပုံ-အင်တာနက်)

အပန်းဖြေအနားယူမည့်သူများ စိတ်နှလုံးချမ်းမြေ့စေရေး ကန်တော်ကြီးသဘာဝဥယျာဉ်အဆင့်မြှင့်တည်ဆောက်နေ

သတင်းမှတ်စု
ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၉

မြို့တော်ရန်ကုန်ကို နိုင်ငံတကာအင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံအဆင့်မြှင့်တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့တော်၏ အထင်ကရ ဥယျာဉ်ကြီးတစ်ခုဖြစ်သည့် ကန်တော်ကြီးဥယျာဉ်သည် မြေပြင်ဧရိယာဧက ၁၁၀၊ ရေပြင်ဧရိယာဧက ၁၅၀ စုစုပေါင်း ဧက ၂၆၀ ကျယ်ဝန်းသည်။

ကန်တော်ကြီးသဘာဝဥယျာဉ်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာရေးအတွက် ၂၀၀၃ ခုနှစ် မေလမှ စတင်၍ ဘက်စုံ အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများကို ဇုန်လေးဇုန်ခွဲကာ ဆောင်ရွက်လျက်ရှိရာ ဇုန်(၁)အဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက *စာမျက်နှာ ၁၁ ကော်လံ ၅* ✻

ကန်တော်ကြီး သဘာဝဥယျာဉ်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာရေးအတွက် ဘက်စုံ အဆင့်မြှင့် မွမ်းမံပြင်ဆင် တည်ဆောက်ရေးလုပ်ငန်းများကို ကန်တော်ကြီးအတွင်း ဇုန်လေးဇုန် ခွဲ၍ ဆောင်ရွက်လျက်ရှိရာ ဇေကမ္ဘာကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် Recreation Zone တွင် စင်တင်တေးဂီတနှင့် ဆိုင်ခန်းများပါဝင်မည့် Sky Pier ၏ မြင်ကွင်းအလှကို စက်တင်ဘာ ၁၅ ရက်က ဤသို့ ကြည်နူးဖွယ် တွေ့ရသည်မှာ...။

ဓာတ်ပုံမှတ်တမ်း-
သိန်းဝင်းလေး
(မြန်မာ့အလင်း)